# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ–၆၅)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 7 October 2026 ၁၂၃၂၄


**ယနေ့ ဖတ်စရာ**


တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ
စာမျက်နှာ » ၅

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၈

ရထားလမ်းကူးအန္တရာယ် ကင်းရှင်းရေး သင့်တာဝန်မှသည် လူတိုင်း၏ အသက်ကို ကာကွယ်ပါ ...
ဆောင်းပါး၊ စာမျက်နှာ » ၁၀

ဖလမ်းမြို့အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၁၂


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊ မြန်မာ–မလေးရှား စီးပွားရေး လုပ်ငန်းရှင်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာ–မလေးရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် စာမျက်နှာ ၃ ကော်လံ ၁ သို့✦



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာ

**နေပြည်တော် အောက်တိုဘာ ၆**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။

မိုး/ဇလ




၂၀၂၆ ခုနှစ်၊ အနောက်တောင် မုတ်သုံလေ မြန်မာနိုင်ငံမှ ဆုတ်ခွာသည့်ရက်များပြပုံ။

## မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ဘယ်ဘက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားသောလက်အား ခွဲစိတ်ကုသ၍ အောင်မြင်စွာ ပြန်လည်တွဲဆက်ပေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် မော်တော်ဆိုင်ကယ် မတော်တဆထိခိုက်မှုကြောင့် ဘယ်ဘက်လက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားခဲ့သည့် အသက် (၉) နှစ်အရွယ် ကလေးငယ်တစ်ဦးအား ခွဲစိတ်ကုသ၍ ပြန်လည်တွယ်ဆက်ခြင်း (Replantation Surgery)ကို စက်တင်ဘာ ၃ ရက်တွင် အောင်မြင်စွာ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကလေးငယ်သည် စက်တင်ဘာ ၃ ရက်တွင် ဟုမ္မလင်းမြို့၌ ထိခိုက်ဒဏ်ရာရရှိ၍ ဘယ်ဘက်လက်ပခုံးမှ ပြတ်တောက်သွားခဲ့ပြီး လူနာနှင့်အတူ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒




# တည်ငြိမ်အေးချမ်းသာယာဝပြောရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

"မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့်ပတ်သက်၍ နိုင်ငံ၏ ဂျီဒီပီမှာ သုံးရာခိုင်နှုန်းခန့်တိုးတက်လာသည်ဟု အချက်အလက်များအရ သိရှိရပြီး ဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်း နှေးကွေးလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအားနည်းပြီး နိုင်ငံ၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးရခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် ကုန်ထုတ်လုပ်ငန်းများတွင် စွမ်းအားပြည့်အလုပ်မလုပ်ကြခြင်းများကြောင့်လည်း စီးပွားရေးအရ အားနည်းခြင်းများကို တွေ့ရကြောင်း" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အောက်တိုဘာ ၅ ရက်နေ့တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ပြီး စီးပွားရေးအရ ပိတ်ဆို့မှုများနှင့် ဘဏ္ဍာရေးအရ အကူအညီများမရရှိခြင်း၊ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်တွင် အပြည့်အဝမရရှိခြင်း၊ ကုန်သွယ်မှုများ ကျဆင်းခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် စွမ်းအားပြည့်လုပ်ဆောင်နိုင်ရန် အခက်အခဲများရှိခြင်းစသည်တို့ ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံရေးအရ မတည်ငြိမ်မှုများနှင့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် လုံခြုံရေးထိခိုက်လာကာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအားနည်းလာခြင်းများဖြစ်ပေါ်ခဲ့သည်။ နိုင်ငံမတည်ငြိမ်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား အနှောင့်အယှက်များ ဖြစ်ပေါ်စေခဲ့သည်။

နယ်မြေ မတည်မငြိမ်ဖြစ်ပေါ်လျက်ရှိသည့် ဒေသများတွင် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် တရားမဝင် ခိုးယူသုံးစွဲခြင်းများ ပြုလုပ်၍ ပြည်ပနိုင်ငံများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တင်ပို့နေကြသဖြင့် နိုင်ငံအတွက် ထိခိုက်ဆုံးရှုံးမှုများ များစွာဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ တစ်ဦးချင်းကိုယ်ကျိုးအတွက် တရားမဝင်သည့်နည်းလမ်းများဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေများရှာဖွေနေကြခြင်းတို့ကြောင့် တရားဝင်ကုန်ထုတ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မှုများအားနည်းပြီး လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အမျိုးမျိုးတို့အနေဖြင့် အဆိုပါဒေသများတွင် သက်ဆိုးရှည်တည်မြဲနေခြင်းဖြစ်သည်။

အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ လုပ်ရပ်များကြောင့် လမ်း၊ တံတားများနှင့် အခြားသောအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်တည်ဆောက်ရာတွင် နိုင်ငံတော်မှ ဘဏ္ဍာငွေများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် အချိန်များစွာတို့ကို ထပ်မံအသုံးပြုရခြင်းကြောင့် မူလရည်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါအခြေအနေသည် "သမင်မွေးရင်း၊ ကျားစားရင်း" ဖြစ်နေသကဲ့သို့ တည်ဆောက်လိုက်၊ ဖျက်ဆီးလိုက်၊ ပြန်လည်တည်ဆောက်လိုက်နှင့် အဆိုးသံသရာလည်ပတ်နေသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရန် အဟန့်အတားအကန့်အသတ်များ ဖြစ်ပေါ်လျက်ရှိသည်။

နိုင်ငံအတွင်း ကုန်ထုတ်လုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်လာအောင် ဆောင်ရွက်နိုင်ရေးအတွက် လူသားအရင်းအမြစ်များ များစွာလိုအပ်လျက်ရှိသည်။ လမ်းကြောင်းလွဲမှားရောက်ရှိသွားကြသူများ၊ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများလည်းရှိပြီး ပြည်တွင်း ကာယ၊ ဉာဏအရင်းအမြစ်များ အဟောသိကံဖြစ်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ပညာတတ်လူသားအရင်းအမြစ်များ အားနည်းလျက်ရှိပြီး အများစုမှာ ကာယလုပ်သားများဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်ရေးအတွက် ပညာရည်မြှင့်တင်မှုလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၌ ပညာရေးအားနည်းချက်များစွာရှိနေသည်။

သို့ဖြစ်ရာ နိုင်ငံ့အရေးနှင့် နိုင်ငံရေးကို ကွဲပြားစွာသိမြင်နိုင်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေခြင်းများသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံရေးနှင့် စီးပွားရေးကို ကွဲပြားစွာရှုမြင်လုပ်ကိုင်ကြရန် လိုအပ်သည်။ နိုင်ငံမတည်ငြိမ်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အနှောင့်အယှက်များကို စည်းလုံးညီညွတ်မှုဖြင့် ကျော်လွှားကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ရည်မှန်းချက်အတိုင်းရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးမွေးမြူရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည်ဆိုပါက ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## (၆-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၉ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၉၁၁,၀၉၂.၁၃ | ၅၈,၉၆၂,၁၂၆.၁၆ | ၈၀,၉၁၀,၇၀၀.၈၀ | |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၆

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ၆ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ်** ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ – ၁၀ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၉,၀၀၀ | ၁၈,၅၀၀ | ၅၄၈ | ၁၀,၁၆၄,၅၀၀ |
| MTSH | ၈,၅၀၀ | ၈,၇၀၀ | ၄,၁၃၃ | ၃၅,၈၁၉,၆၀၀ |
| MCB | ၁၂,၅၀၀ | ၁၃,၀၀၀ | ၄၇ | ၆၀၆,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၉၀၀ | ၅၀၂ | ၃,၄၂၃,၆၀၀ |
| TMH | ၃,၃၅၀ | ၃,၃၅၀ | ၄၈၈ | ၁,၆၃၄,၈၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၃,၀၁၀ | ၅,၁၁၇,၅၀၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၆ | ၂၅,၈၀၀ |
| MAEX | ၆,၃၀၀ | ၆,၃၀၀ | ၂,၀၃၇ | ၁၂,၈၅၇,၃၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၄၀၀ | ၂,၅၆၀,၀၀၀ |
| ASPGB(PLB) | ၅,၉၀၀ | ၅,၇၀၀ | ၄,၉၃၇ | ၂၈,၄၀၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✦ စာမျက်နှာ ၃ မှ

**ပေါင်းတည် မဲဆန္ဒနယ်မှ** ဒေါ်ဆွေဆွေသင်းက စိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများ စိုက်ပျိုးရိတ်သိမ်းရာတွင် အဆင်ပြေစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခ မြင့်တက်မှုမရှိစေရေး ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် ဓာတ်ငွေ့ရည်အပေါ်ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇တွင် “ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်”ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို နောက်ဆုံးအကြိမ် တစ်လ (၁-၉-၂၀၂၆ ရက်မှ ၃၀-၉-၂၀၂၆ ရက်အထိ) ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးအတွက် လေးလေးနက်နက် ထောက်ခံကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm)ကို ကုန်ဈေးနှုန်း တည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အား ဈေးနှုန်းမြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း။

ထို့အတူ စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD(500 ppm)ကို ကုန်ဈေးနှုန်းတည်ငြိမ်စေရန်၊ လျှပ်စစ်ဓာတ်အား ဈေးနှုန်းမြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (LNG)တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွက် ထပ်မံ၍ တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့် အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ ရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်အား အတည်ပြုပါဝင်သည့် စာလွှာကိစ္စနှင့် စပ်လျဉ်း၍** လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေး အတွက် စာချုပ်အား အတည်ပြုပါဝင်သည့်စာလွှာကို လက်မှတ်ရေးထိုး၍အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ပေးပို့ခြင်းဖြင့် အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင်အမြန်ဆုံးအသက်ဝင်၍ အာဆီယံဒေသတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဖူလုံရေး အစီအမံများချမှတ်ခြင်းနှင့် အနာဂတ်ကာလတွင် သဘာဝဘေး/စစ်ဘေး အန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် စွမ်းအင်ပြတ်လပ်မှု အခက်အခဲများကို တစ်နိုင်ငံချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ရေတို၊ ရေရှည် အရေးပေါ်တုံ့ပြန်မှု အစီအမံများ ချမှတ်ရေးဆွဲ အကောင်အထည် ဖော်နိုင်မည် ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်အကူအညီများ ရရှိနိုင်မည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

အာဆီယံ ရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက် မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်အား အတည်ပြုပါဝင်သည့် စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ကြိုတင်သဘောတူခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အာဆီယံရေနံဖူလုံမှု ဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေး အတွက် ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် စာချုပ်အား အတည်ပြုပါဝင်သည့် စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးအတွက် ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘယ်လာရုစ် သမ္မတနိုင်ငံ၊ DBRB နှင့် Belinvestbank JSC တို့မှ ပို့ကုန် ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်း လင်းက ပို့ကုန်ချေးငွေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံမှ ပို့ကုန်လုပ်ငန်း ရှင်က ပြည်ပသို့ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ တင်ပို့ ရောင်းချရာ၌ ဝယ်ယူသူ/ ပစ္စည်း တင်သွင်းသူအနေဖြင့် ကျသင့်ငွေ ပေးချေရာတွင် ဘဏ်မှ ချေးငွေ ရယူ၍ပေးချေခြင်း ဖြစ်ပါကြောင်း၊ ယခုပို့ကုန်ချေးငွေမှာ ဘယ်လာရုစ် နိုင်ငံမှထုတ်လုပ်သည့် ကုန်ပစ္စည်း များ၊ ခေတ်မီစက်ပစ္စည်းကိရိယာ များ၊ နည်းပညာနှင့် ဝန်ဆောင်မှု များကို မြန်မာနိုင်ငံမှ အစိုးရဌာန/ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းများက ဝယ်ယူရာ တွင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ဘဏ်တစ်ခုခုမှ ချေးငွေရယူ၍ ပစ္စည်းဖိုးပေးချေမည် ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ပို့ကုန်လုပ်ငန်း ရှင်က ဘယ်လာရုစ်သမ္မတနိုင်ငံမှ ဖြစ်ပြီး သွင်းကုန်လုပ်ငန်းရှင်က မြန်မာနိုင်ငံမှ ဖြစ်ပါကြောင်း။

ဘယ်လာရုစ် သမ္မတနိုင်ငံ၏ ပို့ကုန်ချေးငွေဖြင့် ဝယ်ယူနိုင်မည့် ပို့ကုန်ပစ္စည်း အမျိုးအစားများမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်ပစ္စည်း များ၊ ကြားခံကုန်စည်များ၊ လူသုံး ကုန်ပစ္စည်းများနှင့် အခြားကုန် ပစ္စည်းများဖြစ်ပါကြောင်း၊ ပို့ကုန် ချေးငွေရယူရန်အတွက် ချေးငွေ ဆိုင်ရာ စည်းကမ်းချက်များမှာ ဆိုင်းငံ့ကာလသည် အများဆုံး တစ်နှစ်ဖြစ်ပြီး ချေးငွေသက်တမ်း မှာ တစ်နှစ်မှ ငါးနှစ်အထိ ဖြစ်ပါ ကြောင်း၊ ချေးငွေအား ရုရှားရူဘယ် (RUB) သို့မဟုတ် ဘယ်လာရုစ် ရူဘယ် (BYN) သို့မဟုတ် တရုတ် ယွမ် (CNY) သို့မဟုတ် အမေရိကန် ဒေါ်လာ (USD) သို့မဟုတ် ယူရို (EUR) စသည့်ငွေကြေးအမျိုးအစား ငါးမျိုးဖြင့် ရယူနိုင်ပါကြောင်း၊ အတိုးနှုန်းကို ချေးငွေရယူမည့် ငွေကြေးအမျိုးအစားနှင့် ပို့ကုန် ပစ္စည်းအုပ်စုအပေါ် မူတည်၍ သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း။

ချေးငွေရယူမည့် ငွေကြေးအမျိုး အစားအလိုက် ၂၀၂၆ ခုနှစ် စက်တင်ဘာလရှိ အတိုးနှုန်းဖြင့် တွက်ချက်ကြည့်ပါက အတိုးနှုန်း များမှာ အနည်းဆုံး ၂ ဒသမ ၂၅ ရာခိုင်နှုန်းမှ အများဆုံး ၉ ဒသမ ၃၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပို့ကုန် ချေးငွေရယူရာတွင် အတိုးနှုန်း အပြင်အာမခံကြေးကိုပါပေးဆောင် ရမည်ဖြစ်ပြီး အာမခံကြေးမှာ ချေးငွေသက်တမ်း အနည်း၊အများ အပေါ်မူတည်၍ ပြောင်းလဲမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ချေးငွေ ဆိုင်ရာမူဘောင်သဘောတူစာချုပ် များ လက်မှတ်ရေးထိုးပြီးဖြစ်ရာ လွှတ်တော်က သဘောတူပေးနိုင် ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး သို့ အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတ ထံမှ ပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စုအစိုးရ အပ်ငွေ စာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း ၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင် တို့က ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြု ပေးနိုင်ပါရန် တင်ပြသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက ပြည်ထောင်စုလွှတ်တော် ရုံးသို့ အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စု လွှတ်တော် တတိယပုံမှန်အစည်း အဝေး ဒုတိယနေ့ကို ရပ်နားလိုက် ပြီး အစည်းအဝေးတတိယနေ့ကို အောက်တိုဘာ ၈ ရက်တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

❐ **မင်္ဂလာဒုံမြို့နယ်မှ** ပြတ်တောက် သွားခဲ့သော ဘယ်ဘက်လက်အား စနစ်တကျ ထိန်းသိမ်း၍ ဒဏ်ရာရရှိပြီး ၆ နာရီ အတွင်း တပ်မတော်လေယာဉ် ဖြင့် မင်္ဂလာဒုံမြို့နယ် တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ပြတ်တောက်သွားသောဘယ်ဘက် လက်အား ပြန်လည်တွဲဆက်ကုသ နိုင်ရန်အတွက် ကနဦးစမ်းသပ် စစ်ဆေးမှုများအား ပြုလုပ်ပေးခဲ့ ပြီး ပထမအဆင့် ခွဲစိတ်ကုသမှုဖြစ် သော ပြန်လည်တွဲဆက်ကုသခြင်း (Replantation Surgery) ကို ဒဏ်ရာရရှိသည့် နေ့တွင်ပင် ၆ နာရီကြာ ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်း သိရသည်။



ယာဉ်မတော်တဆထိခိုက်မှုကြောင့် ဘယ်ဘက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားသည့်လူနာအား ပထမအကြိမ်ခွဲစိတ်ကုသ ပြီးနောက် တွေ့ရစဉ်။

ဆက်လက်၍ စက်တင်ဘာ ၃၀ ရက်တွင် လိုအပ်သော သွေးကြော၊ အာရုံကြောနှင့် အရိုးပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေး ကုသမှုများအား ထပ်မံပြုလုပ်ခဲ့ပြီး ဒုတိယအဆင့် ခွဲစိတ်ကုသမှုများဖြစ်သော လက်သို့ ထောက်ပံ့သော အာရုံကြောများ ခွဲစိတ်ကုသခြင်း(Brachial Plexus Surgery)၊ ပြတ်တောက်သွားသော အာရုံကြောများကို အစားထိုး တွယ်ဆက်ခြင်း (Nerve Graft Surgery)၊ အရွတ်ကြောများ ပြန်လည် တွယ်ဆက်ခြင်း (Internal Splintage) နှင့် အရေပြားအစားထိုးခြင်း (Split Skin Graft)တို့ကို ထပ်မံ၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ခွဲစိတ်ကုသချိန် ခြောက်နာရီကျော် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

လက်ရှိတွင် လူနာကလေးငယ်၏ ခွဲစိတ်ကုသမှုခံယူပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တွဲဆက်ထားသောလက်၏ သွေးလည်ပတ်မှု၊ အာရုံကြော တွယ်ဆက်ထားမှုနှင့် လက်၏ လှုပ်ရှားနိုင်မှုတို့အား ဆက်လက် ကြည့်ရှုကုသမှုများ လုပ်ဆောင် ပေးနေပြီး ပြန်လည်သန်စွမ်းရေး လေ့ကျင့်ခန်းများ ကိုလည်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါ ပြတ်တောက် သွားသောလက်အား ပြန်လည် တွဲဆက်ခြင်း ခွဲစိတ်ကုသမှုများကို တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူ၊ သွေးကြော ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူ၊ မေ့ဆေးပါရဂူ၊ ကလေးကုသမှု ပါရဂူနှင့် ဓာတ်မှန်ပါရဂူများ ပါဝင် သော ကျွမ်းကျင်သူများနှင့် သူနာပြုများ ပူးပေါင်းဆောင်ရွက် ခဲ့ကြခြင်းဖြစ်သည်။ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်မှစတင်၍ လက်မ ပြတ်တောက်မှု၊ လက်ကောက်ဝတ် မှ ပြတ်တောက်မှု၊ လက်ခလယ် ပြတ်တောက်မှု စသည့် လက်ပိုင်း ဆိုင်ရာ အထူးခွဲစိတ်ကုသမှု ခြောက်မျိုးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ပခုံးဆစ်မှ လုံးဝပြတ်တောက်သွား သော လက်တစ်ဖက်ကို ထပ်မံ၍ အောင်မြင်စွာခွဲစိတ်၍ ပြန်လည် တွဲဆက်ကုသနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ ပခုံးဆစ်မှ လုံးဝ ပြတ်တောက်ခြင်း ဖြစ်စဉ်မှာ ဖြစ်ပွားမှုနည်းပါးပြီး ယခုကဲ့သို့ ပြင်းထန်သော ဘယ်ဘက်ပခုံး အဆစ်မှ လက်ပြတ်တောက်သွား ခြင်း(Forequarter Amputation) ကို အောင်မြင်စွာခွဲစိတ်၍ ပြန်လည် တွဲဆက်ပေးနိုင်ခြင်း (Replantation Surgery) သည် ကာယကံရှင် ကလေးငယ်နှင့် မိသားစုတို့၏ ဘဝမျှော်လင့်ချက်များ ပြန်လည် ပေးအပ်နိုင်သကဲ့သို့ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ အတွက် လည်း ဂုဏ်ယူဖွယ်ရာ သမိုင်း မှတ်တိုင်သစ်တစ်ခုကို အောင်မြင် စွာ စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အိမ်မဲမြို့တွင် KG ကလေးများ ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝစေရန် အာဟာရကျွေးမွေး

**အိမ်မဲ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ အထက်ပိုင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းတွင်း အာဟာရကျွေးမွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးမွေးလှူဒါန်းရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးဝင်းခိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မိမိပိုင်နှင့် အသင်းဝင်များက KG ကျောင်းသား ကျောင်းသူများအား အာဟာရဖြစ်စေမည့် အစားအစာများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

ထို့နောက်တာဝန်ရှိသူများက KGကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် လူငယ်များအတွက် မျိုးချစ်စိတ်မြင့်တင်ရေး၊ ချောင်းဖြောင့် တူးဖော်ပေးရေး၊ မြေငှားဂရန် လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြီးသတ်ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသော လုပ်ရပ်များအပေါ် အရေးယူပေးနိုင်ရေး၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံး အမြန်ဆုံးတည်ဆောက်ပေးရေး၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများ မိမိနေရပ်သို့ပြန်လည်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၆ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၏ **လူငယ်များအကြား မျိုးချစ်စိတ်မြင့်တင်ရေး ကျယ်ပြန့်စွာ ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် Auto Repair သင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူငယ်များ ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေပြု မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ အတွက် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအထိ အသိပညာပေး ဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ၂၀၄ ကြိမ်၊ လူငယ်ဖိုရမ်တစ်ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး လူငယ်စုစုပေါင်း ၄၇၁၁၉ ဦး တက်ရောက်ခဲ့ကြပါကြောင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းစသည့် အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ Job Ready Skills Workshop & Career and Opportunity Fair အခမ်းအနားများ၊ လုပ်ငန်းခွင်အတွေ့အကြုံများရရှိစေရန် Interim ဖန်တီးဖော်ဆောင် ပေးခြင်းများ ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ရှေ့ဆက်လက်ပြီး အထူးအလေးပေးရမည့် လူငယ်များ အသက်မွေးဝမ်းကျောင်းမှု ပညာများကို လက်လှမ်းမီ သင်ကြားနိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပံ့ပိုးပေးခြင်း၊ သာတူညီမျှ အခွင့်အရေးနှင့် လုပ်ငန်းခွင်အတွင်း စိတ်ချလုံခြုံမှုရှိစေရေးတို့ကို မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအဖွဲ့ဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များကို ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေပြု မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း YMBA အသင်းခွဲများ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးသင်တန်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများ ကျင်းပဖြေဆိုခြင်း၊ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးဘာသာချစ်မြတ်နိုးတတ်စေရန်နှင့် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်စေရန် အတွက် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း YMBA အသင်းကြီးများကဲ့သို့အခြားသော လူမှုရေးအသင်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်များအထိ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များအလိုက် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်သကဲ့သို့ လမ်းမှားရောက်နေသည့် လေလွင့်လူငယ်များ မူးယစ်ဆေးစွဲလူနာများအား မူးယစ်သံသရာအတွင်း ပြန်လည်မရောက်ရှိစေရေး အတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိ မူးယစ်ဆေးစွဲ လူငယ်များကို ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်၍ ဆေးဖြတ်ကုသပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် သက်မွေးသင်တန်း ၄၆ ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်း ၄၀၀ ဦးတို့အား သင့်လျော်သည့် အလုပ်အကိုင်များရရှိရေး စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနား မဲဆန္ဒနယ်မှ ဦးခင်မောင်ဌွေး၏ **အဝေရာဆည်တာပေါင်အနီး ငလိုက်ချောင်းအား ချောင်းဖြောင့်တူးဖော်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က နေပြည်တော်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆင်သေချောင်း ရေလမ်းပိုင်း(၂၀)၊ ဇီးကုန်းတံတားရေလမ်း၊ ရေလမ်းပိုင်း(၂၃)၊ ရှားစေးဖိုရေလမ်းနှင့် ရေလမ်းပိုင်း (၂၄)၊ အေးမြင့်သာယာ ရေလမ်းတို့တွင် သောင်တူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်းနှင့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စု ရန်ပုံငွေနှင့် နေပြည်တော်ကောင်စီရန်ပုံငွေတို့ ခွင့်ပြုပါရှိပြီးဖြစ်သဖြင့် ပွင့်လင်းရာသီတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျွန်းဦးရွာ၊ စက်ရုံရွာ၊ နမ်းတောရွာ၊ သစ်ဆိမ့်ပင်ရွာနှင့် ဇီးဖြူပင်ရွာစသည့် ကျေးရွာများရှိ ရေလမ်းပိုင်းသည် ငလိုက်ချောင်း - ဆင်သေချောင်း ရေလမ်းပိုင်း(၂၈)၊ ဆင်သေရေလမ်းတွင်ပါဝင်ပြီး နေပြည်တော်ကောင်စီ၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရေကြီးရေလျှံမှု လျော့ပါးရေး ရေလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း အလျား ၁၃၀၀ မီတာ (၄၂၆၅ ပေ)အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၀၆၉ ဒသမ ၁၀၀ သန်းအား ပထမဦးစားပေး ဆောင်ရွက်ရန် ရန်ပုံငွေ လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး အဆိုပါရေလမ်းပိုင်း ပိုမိုထိရောက်နိုင်စေရေးအတွက် ဆင်သေချောင်း ရေလမ်းပိုင်း(၂၆)၊ ရုံးပင်ဇောင်းရေလမ်းနှင့် ရေလမ်းပိုင်း(၂၇)၊ ညောင်ပင်ကြီး ရေလမ်းတို့တွင်လည်း ရေကြီးရေလျှံမှု လျော့ပါးစေရေးအတွက် ရေလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း အလျား ၈၆၇၀ မီတာ (ပေ ၂၈၄၅၀)အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၁၉၈၈ ဒသမ ၂၀၀ သန်းအား ပထမဦးစားပေး ဆောင်ရွက်ရန် ရန်ပုံငွေ လျာထား တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင် မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် မြေငှားဂရန် လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ မည်မျှကာလအတွင်း အပြီးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက မြေငှားဂရန် ခွင့်ပြုပေးနိုင်ရေး သက်ဆိုင်ရာ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အချက်အလက်ပြည့်စုံစွာဖြင့် လျှောက်ထားလာပါက အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်ပြီး လျှောက်ထား မြေနေရာသည် မြေငှားဂရန် ခွင့်ပြုထုတ်ပေးနိုင်သည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေ ဟုတ်/ မဟုတ် မြေစာရင်းဦးစီးဌာန၏ မြေရာဇဝင်စိစစ်ချက်ရယူခြင်း၊ လမ်းနယ်နိမိတ်နှင့် လွတ်ကင်းမှုရှိ/မရှိ လမ်းဦးစီးဌာန၊ စည်ပင်သာယာအဖွဲ့များ၏ ထောက်ခံချက်များရယူခြင်း၊ မြေနေရာတည်ရှိမှုအပေါ်မူတည်ပြီး အခြားဆက်စပ်ဌာနများ၏ သဘောထားများရယူခြင်း၊ သက်ဆိုင်ရာ ဌာနများနှင့် မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းတို့ ဆောင်ရွက်ရပါကြောင်း။

ထို့နောက် မြေငှားဂရန်လျှောက်ထားသည့် မြေသည် မြေပိုင်ဆိုင်မှု ခိုင်မာသည့်အပြင် အငြင်းပွားမှု မရှိသည့် မြေနေရာများဖြစ်ပါက မြေရိယာ တစ်ဧကအထိကို ခရိုင်အုပ်ချုပ်ရေးမှူးက ၃၂ ရက်ဖြင့် လည်းကောင်း၊ မြေရိယာတစ်ဧကအထက်မှ ငါးဧကအထိကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် ၄၈ ရက်ဖြင့် လည်းကောင်း၊ မြေရိယာ ငါးဧကအထက်ကို ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ၇၃ ရက်ဖြင့် လည်းကောင်း တည်ဆဲမြေယာစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ လူနေထိုင်ရန်အတွက် မြေငှားဂရန်လျှောက်ထားမှုများအပေါ် မြေပိုင်ဆိုင်မှု ခိုင်မာသည့်အပြင် အငြင်းပွားမှုမရှိသည့် မြေနေရာများဖြစ်ပါက တည်ဆဲမြေယာစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ကာလအတွင်း မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်းနှင့် စက်မှု/စီးပွား မြေငှားဂရန် လျှောက်ထားလာသည့် မြေများအား လုပ်ငန်းအမှန်တကယ် ဆောင်ရွက်နေမှု၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံသူ/နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မှုတို့ အပေါ်မူတည်ပြီး ခွင့်ပြုသည့် နည်းလမ်းများအတိုင်း အသုံးပြုပါက တည်ဆဲမြေယာစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **နိုင်ငံတော်၏ အချုပ်အခြာအာဏာ ယိမ်းယိုင်စေရန်နှင့် ဂုဏ်သိက္ခာကျစေရန် လုပ်ဆောင်နေသည့် လုပ်ရပ်များအပေါ် အရေးယူရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ပြည်ပနိုင်ငံများတွင် ခိုလှုံ၍ နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်ရန်နှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ပြုလုပ်သူများ၊ အားပေးကူညီသူများကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်ခြင်း၊ အမှုဖွင့်လှစ်ပြီးပါက သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှတစ်ဆင့် ပေးပို့လာသည့် ဖမ်းဝရမ်း(နိုတီ)များကို အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL)၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စည်းမျဉ်းများနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်၍ တရားစွဲဆိုခံရရန် သို့မဟုတ် ပြစ်မှုဆိုင်ရာပြစ်ဒဏ်ကျခံရန် လိုအပ်နေသူတစ်ဦးနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် Interpol Red Notice ထုတ်ပြန်ခြင်း၊ တရားခံများဖမ်းဆီးပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့သို့ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ တရားခံလွှဲပြောင်းရေးဥပဒေကို ၂၁-၇-၂၀၁၇ ရက်တွင် အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံနှင့်မျှ တရားခံလွှဲပြောင်းရေး သဘောတူစာချုပ်ကို နိုင်ငံတစ်ခုချင်း သီးခြားလက်မှတ်ရေးထိုး ချုပ်ဆိုထားခြင်း မရှိသော်လည်း ၁၄-၁၁-၂၀၂၅ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားခံလွှဲပြောင်းရေး စာချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပါကြောင်း၊ တရားခံလွှဲပြောင်းရေး ကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ တရားခံလွှဲပြောင်းရေး ဥပဒေနှင့်အညီ Case By Case ကိစ္စတစ်ခုချင်းအလိုက် သုံးသပ်ပြီး လွှဲပြောင်း/လက်ခံ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာအား ယိမ်းယိုင်ပျက်ပြားစေရန်နှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေသူများ၊ နိုင်ငံတော် အစိုးရအား ဆန့်ကျင်မှုများပြုလုပ်ပြီး ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေသူများနှင့် ပြည်ပနိုင်ငံများတွင် ခိုလှုံနေသူများအား ရာဇသတ်ကြီး၊ မတရားအသင်း အက်ဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံကူးလက်မှတ် ပယ်ဖျက်ခြင်း၊ အမည်မည်းစာရင်း ရေးသွင်းခြင်း၊ စောင့်ကြည့်စာရင်းရေးသွင်းခြင်းနှင့် Interpol Red Notice ထုတ်ပြန်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်း မဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ရုံးကို နိုင်ငံတော်၏ သီးခြားရန်ပုံငွေဖြင့် အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် မက်မန်းမြို့သည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည့် အတွက် မက်မန်းခရိုင်အဆင့် ဝန်ထမ်းများ၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး ဝန်ထမ်းများသည် ဝန်ထမ်းအိမ်ရာ

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ
လုံလောက်မှုမရှိသဖြင့် ပြင်ပတွင် ငှားရမ်း နေထိုင်ရသောကြောင့် မြေပြင်တွင်လတ်တလောလိုအပ်နေသည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၁ လုံး တည်ဆောက်နိုင်ရန်၊ ဆောက်လုပ်မည့် မြေနေရာမှ တောင်သူ ၃ ဦး၏သီးနှံနစ်နာကြေး ပေးရန်နှင့် မြေနေရာပြုပြင်ခြင်းတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ရုံးကို နိုင်ငံတော်၏ သီးခြားရန်ပုံငွေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရုံးဝန်ထမ်းများ နေထိုင်နိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာ ၁ လုံး တည်ဆောက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇- ၂၀၂၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရန်ပုံငွေတွင် လျာထား ဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **နေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်၌ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား မည်ကဲ့သို့ ကူညီဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ယာယီနေရပ်စွန့်ခွာပြည်သူများ ၎င်းတို့နေရပ်သို့ စိတ်အေးချမ်းသာစွာ သွားလာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေရှင်းလင်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့များနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ရှင်းလင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေဘိုခရိုင်အတွင်း နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့များနှင့် ပူးပေါင်း၍ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိလာပါက ယာယီနေရပ်စွန့်ခွာပြည်သူများ ၎င်းတို့၏နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက် နေထိုင်စေပြီး အေးချမ်းလုံခြုံစွာ သွားလာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေး၊ ကျောင်းနေအရွယ် ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပေးပို့သော **“နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်(၂)ချက်ကို ဥပဒေကြမ်း ကော်မတီဝင်က ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အဆိုပါနည်းဥပဒေများနှင့်စပ်လျဉ်း၍ နည်းဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် နည်းဥပဒေတစ်ရပ်လုံးကို အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို အောက်တိုဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၆**

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံတပ်နယ် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) သို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။**(ယာပုံ)**

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

၁၀၀





# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် တက်လွင်ထွန်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကမ်းခြေစောင့်တပ်ဖွဲ့(၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှု ဌာနချုပ် Recreation Center ၌ ကျင်းပရာ ၂၀၂၅ - ၂၀၂၆ တစ်နှစ်တာကာလအတွင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၊ အကောင်းဆုံးလိုင်းခန်းဆုရရှိကြသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေရန်နှင့် ကျောင်းသား ကျောင်းသူလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်ကန်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ၎င်းနောက်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။ **သတင်းစဉ်**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၏ ၅ နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်၊ ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)နှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ တပ်ဖွဲ့ဖွဲ့စည်းခြင်း ၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် Recreation Center ဖွင့်ပွဲကို ကျင်းပပြုလုပ်ရာ ဦးစွာ တာဝန်ရှိသူတစ်ဦးက အဆိုပါ အဆောက်အအုံ တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က Recreation Center အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ကမ်းခြေစောင့်တပ်ဖွဲ့ တည်ထောင်ခြင်း ၅ နှစ်ပြည့် အထိမ်းအမှတ် တပ်နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် အတွင်းပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာအတွင်း ရေကြောင်းဆိုင်ရာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာလုပ်ငန်းများအား တာဝန်ခံစီမံကွပ်ကဲ ဆောင်ရွက်ရန်၊ အမျိုးသားရေကြောင်း အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊ ပင်လယ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းရန်၊ သတင်းအချက်အလက်များဖလှယ်ရန်၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ချိတ်ဆက်ပြီး သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်မက်ကာလတွင် တပ်မတော်(ရေ)အား အထောက်အကူပြုရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားနှင့် အဏ္ဏဝါပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပင်မကမ်းခြေ ကမ်းရိုးတန်းမှ သီးသန့် စီးပွားရေးဇုန်အထိ ရေပြင်၊ ဝေဟင်နှစ်ရပ်စလုံးမှ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်စွမ်းရှိသည့် အရည်အချင်းပြည့်ဝသော ကမ်းခြေစောင့်တပ်ဖွဲ့ ဖြစ်လာရမည်ဆိုသည့် မျှော်မှန်းချက်အမြင်ဖြင့် တည်ထောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့ မြန်မာ့ပင်လယ်ပြင်သည် နိုင်ငံတော်၏ ကုန်သွယ်ရေး National Trade အတွက် အရေးပါသည့် အသက်သွေးကြောဖြစ်သကဲ့သို့ အင်ဒို-ပစိဖိတ် ဒေသနှင့် အိန္ဒိယသမုဒ္ဒရာ၊ အရှေ့တောင်အာရှနှင့် တောင်အာရှ၊ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီးများဖြစ်သော တရုတ်နှင့် အိန္ဒိယတို့ကို ဆက်သွယ်ပေးထားသည့် ပထဝီနိုင်ငံရေး ပေါင်းကူးဆက်စပ်ရပ်ဝန်းလည်းဖြစ်ကြောင်း။

ယနေ့အချိန်တွင် မိမိတို့နိုင်ငံသည် ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုနှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်လျက် ရှိကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများတွင် ပင်လယ်ရေကြောင်းကဏ္ဍများနှင့် ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများလည်း အများအပြားပါဝင်လျက်ရှိကြောင်း။

ပင်လယ်ရေကြောင်း ဆိုင်ရာကိစ္စရပ်များသည် ကျယ်ပြန့်နက်နဲသည့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ ဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာစံနှုန်းဆိုင်ရာ ကိစ္စရပ်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ဆက်နွှယ်နေသည် ကိုလည်း သတိပြုကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ မူလစွမ်းရည် Maritime Potential ကို ထိရောက်စွာ အသုံးချနိုင်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ ကဏ္ဍများတွင် နိုင်ငံတော်၏ ပုံရိပ်ကောင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်း အကျိုးစီးပွားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ပင်လယ်ရေကြောင်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်းအပြင် ပင်လယ်ရေကြောင်း လုံခြုံရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး စသည့် တာဝန်များကိုလည်း ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ ယင်းတာဝန်များသည် တပ်ဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် သတ်မှတ်ပေးထားသည့် တပ်ဖွဲ့၏ စွမ်းရည်များပင်ဖြစ်ကြောင်း။

မြန်မာ့ပင်လယ်ပြင် အတွင်း ရေလုပ်သားနှင့် ရေကြောင်းသွားလာသူများကို အကာအကွယ်ပေးရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်းစာနာအကူအညီပေးရေး၊ တရားမဝင်မောင်ခိုလုပ်ငန်းနှင့် အကောက်အခွန်မဲ့ပစ္စည်း တားဆီးကာကွယ်ရေး၊ ပင်လယ်ဓားပြ တားဆီးကာကွယ်ရေး၊ လူမှောင်ခို၊ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းမှောင်ခို တားဆီးကာကွယ်ရေး တာဝန်များအပြင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်း ထိန်းချုပ်နေရာ ကာကွယ်ရေး (Choke Point Control)နှင့် သံတမန်ရေး တာဝန်များကို တပ်မတော်(ရေ)၊ ရေကြောင်းရဲတပ်ဖွဲ့များနှင့် ဟန်ချက်ညီစွာ လက်တွဲ ဖော်ဆောင်သွားကြရန် လိုကြောင်း။

ကမ်းခြေစောင့် တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များကို ထိုကဏ္ဍများတွင် လက်တွေ့ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ စေလွှတ်ပြီး သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များတွင်ရှိသင့်သည့် စွမ်းရည်မြင့်မားမှု၊ နိုင်ငံတကာသုံးဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုနှင့် ပင်လယ်ရေကြောင်း ဥပဒေဆိုင်ရာ ကျွမ်းကျင်မှုများရှိအောင် ကြိုးစားသင်ယူနေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ကမ်းလွန်ကင်းလှည့်ရေယာဉ်များ၊ အမြန်သွားကင်းလှည့် ရေယာဉ်များနှင့် ရေယာဉ်ငယ်များကို ဖြည့်တင်းပေးလျက်ရှိကြောင်း။

မြန်မာ့ပင်လယ် ရေကြောင်း အကျိုးစီးပွားများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေနှင့်အညီ ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ ဥပဒေကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့်အညီ တည်ကြည်ဖြောင့်မတ်ခိုင်မာစွာ မြန်မာ့ပင်လယ်ရေကြောင်း အကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေး လုပ်ငန်းများနှင့် အဏ္ဏဝါဂေဟစနစ်နှင့် သယံဇာတများကို ဂရုတစိုက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်မှသာ “Good Order at Sea” “ပင်လယ်ပြင် ငြိမ်ဝပ်ပိပြားမှု စနစ်တကျရှိစေရေး” ဆိုသည့် တပ်ဖွဲ့၏ စွမ်းဆောင်ရည် လုပ်ငန်းတာဝန်ကိုလည်း ကျေပွန်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ်းရိုးတန်းနိုင်ငံများ၏ စီရင်ပိုင်ခွင့်အာဏာအတွက် အရေးပါသည့် နိုင်ငံတော်က သဘောတူလက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေ၊ ကွန်ဗင်းရှင်းများနှင့် နောက်ဆက်တွဲစာချုပ်များကိုလည်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကာ “Good Governance at Sea” ဆိုသည့် “ပင်လယ်ပြင်မှာ ကောင်းမွန်တရားမျှတသော ဥပဒေစိုးမိုးစေရေး” တာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့၏ ရည်ရွယ်ချက်များကို အလေးအနက်ထား အကောင်အထည်ဖော်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရာတွင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်း အကျိုးစီးပွားနှင့် ရေကြောင်းသယံဇာတများ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန်၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပင်လယ်ရေကြောင်း အဆောက်အအုံများနှင့် ပင်လယ်ပြာစီးပွားရေး လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများတွင် ပေးအပ်သည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်ကြရာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ပိုင်ခွင့် တည်တံ့ခိုင်မြဲရေးကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် စွမ်းရည်ထက်မြက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားပြီး နိုင်ငံတကာ ကမ်းခြေစောင့် တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ ရှည်လျားသည့် ကမ်းရိုးတန်းနှင့် ကျယ်ဝန်းသည့် မြန်မာ့ရေပြင်နယ်နိမိတ်တစ်လျှောက် အချိန်မရွေး နေရာမရွေး ပေါ်ပေါက်လာနိုင်သည့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုတိုင်းကို တားဆီး ကာကွယ်နိုင်စွမ်းရှိပြီး မြန်မာ့ပင်လယ်ပြင်ကို လုံခြုံဘေးကင်းသည့် ပင်လယ်ပြင်၊ တည်ငြိမ်အေးချမ်းသည့် ပင်လယ်ပြင်၊ သန့်ရှင်းသည့် ပင်လယ်ပြင်၊ ပိုမိုထုတ်လုပ်နိုင်စွမ်းရှိသည့် ပင်လယ်ပြင်တစ်ခုဖြစ်အောင် ကြိုးပမ်းတည်ဆောက် သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ငင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ပတ်သက်သည့် အထိမ်းအမှတ် မှတ်တမ်း video ကို ကြည့်ရှုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ဆိုင်ခန်းများနှင့် ရှာဖွေကယ်ဆယ်ရေး ရေယာဉ်တို့အား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များအား ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်ရုံး အစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့၏ စွမ်းရည်များ၊ ရည်မှန်းချက် တာဝန်များအပေါ် လိုက်ပါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်ချက်ကြီးမားစွာ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ခြင်းဖြစ်သည့်အတွက် ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ နိုင်ငံတကာဆက်ဆံရေး ဆိုင်ရာများကို တပ်ဖွဲ့ဝင်များ နားလည်သိရှိစေရန် လိုကြောင်း၊ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားစေရေး အတွက်လည်း သင်တန်းများ ရွေးချယ်စေလွှတ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်ဖွဲ့များ၏ လုပ်ငန်းတာဝန်များသည် မတူကွဲပြားသည့်အတွက် တပ်ဖွဲ့များ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှု ဌာနချုပ်ဝင်းအတွင်း မိသားစုများသက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **ဘဝဝ**

# တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဒေသအလိုက်၊ ကျောင်းအလိုက် သင်ကြားရေးဆိုင်ရာ အရည်အသွေးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မှာကြား



**နေပြည်တော် အောက်တိုဘာ ၆**

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဒေသအလိုက်၊ ကျောင်းအလိုက် သင်ကြားရေးဆိုင်ရာ အရည်အသွေးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့နံနက်ပိုင်းတွင် ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာဆရာမများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားသင်ယူနေမှု၊ ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဘိုကလေးမြို့ အခြေခံပညာမူလတန်းလွန်ကျောင်း(အောက်ပိုင်း)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (စံကျောင်းပိုင်း-မြို့မ (၄) ရပ်ကွက်)၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း (လေ့ကျင့်ရေး)၊ ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ကျိုက်လတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဘိုကလေးပညာရေးဒီဂရီကောလိပ်ရှိ ပညာဂုဏ်ရည်ခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ပညာရေးဒီဂရီကောလိပ်ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် "နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမိသားစုများအားလုံး ညီညီညွတ်ညွတ်လက်တွဲ၍ ပညာရေးအရည်အသွေးတိုးတက်မြင့်မားအောင် ကြိုးစားမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာလုပ်ငန်းများ အရည်အသွေးတိုးတက်အောင် အမြဲမပြတ် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာ ကျောင်းသား ကျောင်းသူတိုင်း အနည်းဆုံး KG+9 (အခြေခံပညာမူလတန်းမှ အလယ်တန်းအဆင့်ထိ)ပြီးမြောက်ရေးကိုအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဒေသဖြစ်၍ KG+9 ပြီးမြောက်သည့်ကျောင်းသား ကျောင်းသူများအား အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် ပညာရပ်များ ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် စိတ်ဝင်စားအောင် လမ်းညွှန်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာသည့် ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် မအူပင်တက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဘာသာရပ်အလိုက် သင်ကြားသင်ယူမှုနှင့် သုတေသနလုပ်ငန်းများ အရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ အဝေးသင်တက္ကသိုလ် အရည်အသွေး မြှင့်တင်ဆောင်ရွက်ရေး၊ ထူးချွန်အားကစားသမား မွေးထုတ်ပေးနိုင်ရေးနှင့် တက္ကသိုလ်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး၊ ကျောင်းအတွင်း တည်ဆောက်ရေး၊ သင်ကြားရေးနှင့် စီမံရေးဆိုင်ရာ အရည်အသွေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ကျောင်းအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖြောင့်မတ် တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန်ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖြောင့်မတ်တည်ကြည်သည့် လူ့အဖွဲ့အစည်း ဖြစ်တည်လာစေရန်၊ အများအကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (အေလာ)၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၁၄) မူလတန်းလွန်ကျောင်းနှင့် ရှမ်းပြည်နယ် ရွှေညောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း (အောင်သပြေ)တို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၉၀၈ ဦးတို့အား ကော်မရှင်ရုံးနှင့် ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကိုအခြေခံ၍ အသိပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်းနှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာ ကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ဗဟန်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေး ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန( ဗဟန်း)၌ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဆုရည်ဇော်၊ ဗဟန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးသော်၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်သင်းသင်းအေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်တို့က ဒေသဖွံ့ဖြိုးရေးအတွက် ဌာနအလိုက်ဆောင်ရွက်ထားရှိသောအခြေအနေများ၊ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသော အမှိုက်သိမ်းစနစ်များအကြောင်း၊ ဆန်၊ ဆီ ဝယ်ယူရေးအတွက် သမဝါယမဦးစီးဌာနက စီမံဆောင်ရွက်ထားရှိမှုများနှင့် ပြည်သူများ၏လိုအပ်ချက်များကို လွှတ်တော်တွင်တင်ပြဆွေးနွေးဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသည့် ရပ်ကွက်နေပြည်သူများက သမဝါယမကရောင်းချပေးသည့် ကုန်ပစ္စည်းများအကြောင်းနှင့် သန့်ရှင်းသာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်းဘူးမြို့၌ အလင်းရောင်အသေးစားချေးငွေသမဝါယမအသင်းအမှုဆောင်ရွေးချယ်

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်အလင်းရောင်အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ လစ်လပ်လျက်ရှိသော အသင်းအမှုဆောင်အဖွဲ့နှင့် အသင်းစာရင်းစစ်များ ရွေးချယ် တင်မြှောက်ပွဲကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက မင်းဘူးမြို့ ရွှေဝါဝင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ဖွံ့စည်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အမှာစကား ပြောကြားသည်။ ထို့နောက် အမှုဆောင်အဖွဲ့များ ရွေးချယ်ခြင်းကို အသင်းသားများ ဆန္ဒနှင့် ရွေးချယ်ဆောင်ရွက်ခဲ့ပြီး အမှုဆောင်အဖွဲ့ဝင်များ တာဝန်ခွဲဝေလွှဲပြောင်းခြင်းနှင့် မြို့နယ်သမဝါယမအသင်းစုသို့ စေလွှတ်မည့် အသင်းဝင်ကိုယ်စားလှယ် အမည်စာရင်း ရွေးချယ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ ရွေးချယ်ခံရသည့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းစာရင်းစစ်များကသဘာပတိဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၁/ ၂၀၂၆)

၁။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံများမှ အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ရေယာဉ်၊ လေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး အောက်တိုဘာလတွင် နိုင်ငံတော်၏ ညှိနှိုင်းချက်ဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသို့ ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ (၁၄၇၆) ဦးအား မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ကျန်းမာရေးနှင့် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အပိုဒ် ၃ တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်" ဟု ဖော်ပြထားပြီး အပိုဒ် ၁၃၊ အပိုဒ်ခွဲ (၂) တွင် "လူတိုင်းတွင် မိမိ၏နိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို ထွက်ခွာပိုင်ခွင့်နှင့် မိမိ၏နိုင်ငံသို့ ပြန်လာပိုင်ခွင့်ရှိသည်" ဟု အတိအလင်း ဖော်ပြထားသည့်အတိုင်း ပြည်ပရောက်နိုင်ငံသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးဒုက္ခနှင့် အခက်အခဲများမှ ကင်းလွတ်စေရန် နိုင်ငံတော်အနေဖြင့် အကာအကွယ်ပေးခြင်းနှင့် နေရပ်ပြန်ခွင့်ကို လက်တွေ့ကျကျ ဖော်ဆောင်ပေးခြင်းသည် လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသော လုပ်ဆောင်ချက် ဖြစ်ပါသည်။

၃။ နိုင်ငံသားတိုင်း ဥပဒေအရအကာအကွယ်ရရှိစေရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပြည့်ဝစွာရရှိစေရေးနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ မြှင့်တင်ကာကွယ်နိုင်ရေး အတွက် ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား နေရပ်သို့ ပြန်လည်ခေါ်ဆောင်သည့် လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုထောက်ခံပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်

## မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား တွေ့ဆုံအားပေး ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၆**



ရန်ကုန် တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီးတွင် ယာယီထားရှိသည့် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီး ဝန်ကြီးများက သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားပြီး ကျန်းမာရေး တစ်ကိုယ်ရေသုံး ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန သန်လျင်မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ မလေးရှားနိုင်ငံမှ ပြန်လာသော မြန်မာနိုင်ငံသားများအတွက် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ခန်းမတွင် မလေးရှားနိုင်ငံမှ ပြန်လာသော မြန်မာနိုင်ငံသားများကို တွေ့ဆုံ အားပေးစကား ပြောကြားပြီး ကျန်းမာရေး တစ်ကိုယ်ရေသုံး ပစ္စည်းများကို ပေးအပ်၍ အလုပ်သမားဝန်ကြီးဌာန လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံး၌ မလေးရှားနိုင်ငံမှ ပြန်လာသည့် မြန်မာနိုင်ငံသားများ အတွက် လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည် ဖော်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်နှင့် ကော်မတီတွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်တို့က လုပ်ငန်း အခြေအနေများကို ဆွေးနွေးတင်ပြပြီး ကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍများ အလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## သထုံမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သထုံ အောက်တိုဘာ ၆**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘို(တောင်ပိုင်း)ကျေးရွာနှင့် ဂျိုင်းရွာကျေးရွာတို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၅ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများက နောင်ဘို(တောင်ပိုင်း)ကျေးရွာနှင့် ဂျိုင်းရွာကျေးရွာတို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် စုပေါင်း၍ ၂၀၂၆ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **သုတ**



## ရေးမြို့နယ်ရှိ ရေမြောင်းများ၊ ချောင်းများ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းရှင်းလင်း

**ရေး အောက်တိုဘာ ၆**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ရေမြောင်းများ၊ ချောင်းများ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းရှင်းလင်းခြင်းကို ယနေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများသည် သီရိခေမာရပ်ကွက် ရာဇဓိရာဇ်လမ်းမကြီးဘေးရှိ ကျုံသိုက်ချောင်း၌ ပူးပေါင်းဆောင်ရွက်သည်။

ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ (ခေတ္တ)တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်း ဦးဆောင်မှုဖြင့် နယ်မြေခံတပ်မတော်သားများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့ဝင်များက ချောင်းအတွင်းရှိ အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ပေါင်းမြက်များနှင့် ချုံနွယ်များရှင်းလင်းပြီး အမှိုက်များအား အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**



## ဟသ်ာတမြို့နယ်၌ Engine and Compressor တပ်ဆင်ခြင်း၊ ရေစုကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ စစ်ဆေး

**ဟသ်ာတ အောက်တိုဘာ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိစေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဘိတ်ရိုးကျေးရွာအုပ်စု ခက်ချိုကုန်းကျေးရွာ၌ Engine and Compressor တပ်ဆင်ခြင်း၊ ရေစုကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ Engine and Compressor တပ်ဆင်ခြင်း၊ ရေစုကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဟသ်ာတမြို့နယ်အတွင်း ခက်ချိုကုန်းကျေးရွာ၌ Engine and Compressor တပ်ဆင်ခြင်း၊ အလျား ၁၂ ပေ၊ အနံ ၆ ပေ၊ အမြင့် ၅ ပေရှိ ရေစုကန်တည်ဆောက်ခြင်း နှင့် အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၉၂၁ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် ဇွန် ၂၇ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ဆောင်ရွက်ပြီးပါက လူဦးရေ ၁၉၆ ဦးအား အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# ရထားလမ်းကူးအန္တရာယ်ကင်းရှင်းရေး သင့်တာဝန်မှသည် လူတိုင်း၏ အသက်ကို ကာကွယ်ပါ ....

စံအောင်မြတ်(ရထား)

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မှ တောင်ငူအထိ ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ(ODA Loan)ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တောင်ငူ-နေပြည်တော်၊ နေပြည်တော် - မန္တလေးရထားလမ်းပိုင်း၊ ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းနှင့် ရန်ကုန်-ပြည်ရထားလမ်းပိုင်းတို့အား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရထားအမြန်နှုန်းများတိုးမြှင့်၍ ပြေးဆွဲချိန်လျှော့ချခြင်း၊ ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများအား ရန်ကုန်- မန္တလေး၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းများတွင် ပြေးဆွဲပေးခြင်းနှင့်အတူ အခြားလူစီးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ စုစုပေါင်း ရထားစင်းရေ ၇၈ စင်းနှင့် ကုန်ရထား၊ ကျောက်ရထားများ နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါသည်။

ရထားများ မြန်နှုန်းမြှင့်ပြေးဆွဲလာသည်နှင့်အမျှ ရထားလမ်းကူးများတွင် ယာဉ်အန္တရာယ်မတော်တဆမှုများနှင့် စည်းကမ်းမဲ့ရထားလမ်းဖြတ်ကူးသူများ၏ ထိခိုက်သေဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ရထားလမ်းအသုံးပြုဖြတ်သန်းနေရသည့် ပြည်သူများအနေဖြင့် ရထားအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့် အချက်များကို မဖြစ်မနေ လိုက်နာကျင့်ကြံရမည်ဖြစ်ပါသည်။

မြန်မာ့မီးရထားအနေဖြင့်လည်း ထိုအချက်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ မကြာခဏ ပညာပေးအစီအစဉ်အနေဖြင့် ထုတ်လွှင့်ပြသပေးပြီး ရထားလမ်းဖြတ်သန်းရာမြို့နယ်၊ ကျေးရွာများသို့လည်း တာဝန်ရှိသူများနှင့်အတူ လူထုအသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄ ဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ ၉၉၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းနည်းဥပဒေကိုထုတ်ပြန်ကာ ပြည်သူများ သိရှိလိုက်နာစေရန် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် မြန်မာ့မီးရထားဝက်ဘ်ဆိုက်များတွင် ကြေညာထားရှိပါသည်။ အဆိုပါ ဥပဒေနှင့် နည်းဥပဒေများကိုလည်း ခေတ်နှင့်အညီဖြစ်စေရန် မြန်မာ့မီးရထား တာဝန်ရှိသူများနှင့် ဥပဒေပညာရှင်များပူးပေါင်း၍ ပြင်ဆင်လျက်ရှိပြီး ပြည်သူများကို ပိုမိုသိရှိလိုက်နာစေရန် ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**လိုက်နာရမည့် စည်းကမ်းချက်များအနေဖြင့် ရထားသံလမ်းအား ခေါင်းအုံး၍ မလဲလျောင်းရ၊ ရထားသံလမ်းပေါ်တွင် ဝိုင်းဖွဲ့စကားပြောခြင်း၊ နားနေခြင်းမပြုရ၊ မီးရထားပိုင်နယ်မြေအတွင်း လူ (သို့မဟုတ်) ကျွဲ/နွား တိရစ္ဆာန်များ ကျူးကျော်ဝင်ရောက်ခြင်း၊ လွှတ်ကျောင်းခြင်း၊ ဖြတ်သန်းစေခြင်းမပြုရ၊ ရထားတံတားပေါ်မှ ဖြတ်သန်းခြင်းမပြုမီ ရှေ့နောက် ရထားသွားလာမှုကိုကြည့်ပြီး ရထားမရှိမှသာ တံတားပေါ်မှ မြန်မြန်ဖြတ်သန်းရန်၊ ရထားလမ်းကူးမည့်သူများသည် ဘေး ဘယ်/ ညာ ကြည့်ရှုစစ်ဆေးခြင်းမရှိဘဲ ဆင်ခြင်မဲ့ဖြတ်ကူးခြင်းမပြုရ၊ ရထားလမ်းပေါ်၊ ရထားလမ်းနှင့် မလွတ်ကင်းသည့်နေရာမှ လမ်းလျှောက်ခြင်းမပြုရ၊ ရထားစတင်ထွက်ခွာစဉ် ရထားပေါ်သို့ ခုန်တက်ခြင်း၊ ရထားမရပ်မီ ရထားပေါ်မှ ခုန်ဆင်းခြင်းမပြုရ၊ ရထားလမ်းနှင့် မလွတ်ကင်းသည့်နေရာတွင် ယာဉ်ချို့ယွင်းရပ်တန့်ပါက ရထားအချိန်မီ ရပ်တန့်နိုင်ရေးအတွက် ရထားလာနေသည့်ဘက်သို့ လူတစ်ဦးမှ သွားရောက်အချက်ပြခြင်း၊ ရထားဝန်ထမ်းအား အသိပေးခြင်း ဆောင်ရွက်ပြီးမှသာ ယာဉ်ကို လွတ်ကင်းအောင်ဆောင်ရွက်ရန်၊ ရထားပြေးလမ်း၏ အနီးဆုံးသံလမ်းမှ ၁၀ ပေအတွင်း မည်သည့်ပစ္စည်းမှစုပုံခြင်း၊ ၁၀ ပေအမြင့်ထက် ပို၍စုပုံခြင်း၊ ယာဉ်များရပ်တန့်ထားခြင်းမပြုလုပ်ရ၊ ဘူတာရုံများ၌ ရထားစောင့်ဆိုင်းနေစဉ် ပလက်ဖောင်းမျဉ်းဝါလိုင်းအတွင်းသို့ ဝင်ရောက်ခြင်းမပြုရ၊ သက်ကြီးရွယ်အိုများ၊ ဆွံ့အနားမကြားသူများ၊ မသန်စွမ်းသူများ၊ ကျန်းမာရေးမကောင်းသူများနှင့် ကလေးသူငယ်များ အဖော်မပါဘဲ ရထားလမ်းအား ဖြတ်သန်းသွားလာခြင်းမပြုရ၊ ရထားလမ်းကူးစဉ် ရထားလာနိုင်သည်ဟု အမြဲတွေးထားပါ၊ ရထားလမ်းဖြတ်သန်းစဉ် အမြင်နှင့်အကြားအာရုံ နှောင့်ယှက်နိုင်သော နားကြပ်၊ စောင်၊ ပဝါ၊ ခေါင်းစွပ်နှင့် အခြားသောပစ္စည်းများကို တပ်ဆင်မထားရပါ၊ ရထားလမ်းပေါ်၊ ရထားလမ်းနှင့် မလွတ်ကင်းသည့်နေရာများတွင် လက်ကိုင်ဖုန်းများဖြင့် လူမှုကွန်ရက်အသုံးပြုခြင်း၊ ဖုန်းပြောခြင်းများ ရှောင်ရှားပါ၊ သတ်မှတ်ထားသောနေရာမှသာကူးပါ၊ ရထားလမ်းကူးရှိ အန္တရာယ်ကင်းရှင်းရေး အချက်ပြဆိုင်းဘုတ်များအား သေချာစွာဖတ်ရှုပါ၊ ရထားလမ်းဂိတ်ပိတ်ထားစဉ် လွတ်ကင်းသည့်အကွာအဝေးတွင် ရပ်တန့်ရန်နှင့် တရားမဝင်လမ်းကူးနေရာများမှ ဖြတ်သန်းခြင်းမပြုရန်နှင့် တရားဝင်လမ်းကူးနေရာမှသာ ဖြတ်သန်းရန် စသဖြင့် မီဒီယာကဏ္ဍအမျိုးမျိုးမှလည်းကောင်း၊ သက်ဆိုင်ရာ Website များတွင်လည်းကောင်း အသိပေးထုတ်ပြန်ပြီးဖြစ်ပါသည်။**

မိဘပြည်သူများ ရထားအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များ



တရားမဝင်လမ်းကူးနေရာများမှ ဖြတ်သန်းခြင်းမပြုရန်နှင့် တရားဝင်လမ်းကူးနေရာမှသာ ဖြတ်သန်းရန်။



ရထားလမ်းကူးမည့်သူများသည် ဘေးဘယ်/ညာ ကြည့်ရှုစစ်ဆေးခြင်းမရှိဘဲ ဆင်ခြင်မဲ့ဖြတ်ကူးခြင်းမပြုရ။

တရားမဝင် ရထားလမ်းကူးနေရာနှင့် တရားဝင် ရထားလမ်းကူးနေရာဟုဆိုရာတွင် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနနှင့် သွားလာပို့ဆောင်ရေးဌာနတို့မှ တာဝန်ယူပြီး ရထားလမ်းကူးဂိတ်စောင့်ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးထားသည့် တရားဝင် ရထားလမ်းကူးနေရာများ၌ မတော်တဆမှုဖြစ်နိုင်ခြေနည်းပါးပြီး တရားမဝင် ရထားလမ်းကူးနေရာနှင့် ကျေးရွာများမှ တာဝန်ယူ၍ ဂိတ်စောင့်အဖွင့်အပိတ်ပြုလုပ်သော ဂိတ်များတွင်မူ မတော်တဆဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရထားလမ်းပိုင်းအသီးသီးတွင် ဖြစ်ပွားခဲ့သည့် မတော်တဆမှုများကို ကြည့်မည်ဆိုလျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၂၅ ခုနှစ်အတွင်း -

| လမ်းပိုင်း | ကား | သုံးဘီးဆိုင်ကယ် | ဆိုင်ကယ် | လူ | ဂိတ်တံခါး | ထော်လာဂျီ | သေဆုံးမှု | ဒဏ်ရာရရှိ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ရန်ကုန်-မန္တလေး | ၁ | ၂ | ၄ | ၁၀ | ၂ | - | ၈ | ၅ | ၃၂ |
| ရန်ကုန်-ပြည် | ၁ | - | ၃ | ၁ | - | ၁ | ၁ | ၄ | ၁၁ |
| ရန်ကုန်-မော်လမြိုင် | ၂ | - | ၂ | - | - | - | - | ၂ | ၆ |
| ရန်ကုန်မြို့ပတ် | - | - | - | ၁ | - | - | ၁ | - | ၂ |
| အခြားလမ်းပိုင်း | ၁ | ၂ | ၁ | - | - | - | ၁ | ၁ | ၄ |
| **စုစုပေါင်း** | ၅ | ၄ | ၁၀ | ၁၂ | ၂ | ၁ | ၁၁ | ၁၂ | ၅၅ |

၂၀၂၆ ခုနှစ်အတွင်း -

| လမ်းပိုင်း | ကား | သုံးဘီးဆိုင်ကယ် | ဆိုင်ကယ် | လူ | ဂိတ်တံခါး | ထော်လာဂျီ | သေဆုံးမှု | ဒဏ်ရာရရှိ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ရန်ကုန်-မန္တလေး | ၃ | ၁ | ၅ | ၅ | - | ၁ | ၁၁ | ၇ | ၃၃ |
| ရန်ကုန်-ပြည် | - | - | - | ၃ | - | - | ၁ | ၂ | ၆ |
| ရန်ကုန်-မော်လမြိုင် | ၁ | - | - | - | - | - | - | - | ၁ |
| ရန်ကုန်မြို့ပတ် | - | - | - | ၃ | ၁ | - | ၂ | ၂ | ၈ |
| အခြားလမ်းပိုင်း | - | - | ၂ | ၆ | - | - | ၆ | ၄ | ၁၈ |
| **စုစုပေါင်း** | ၄ | ၁ | ၇ | ၁၇ | ၁ | ၁ | ၂၀ | ၁၅ | ၆၆ |

**မတော်တဆမှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများ**

- **စည်းကမ်းလိုက်နာမှုအားနည်းခြင်း။** ယာဉ်မောင်းသူများအနေဖြင့် ရထားလမ်းကူးသတိပေးဆိုင်းဘုတ်များ၊ အချက်ပြမီးများနှင့် ဂိတ်ဘယ်ရီယာများကိုလျစ်လျူရှုပြီး အတင်းတိုးဝင်မောင်းနှင်ခြင်း၊
- **သတိပေးချက်များကို ပေါ့ဆစွာကျော်လွန်ခြင်း။** ရထားဥသြဆွဲသံ သို့မဟုတ် ဘဲလ်တီးသံကြားရသော်လည်း ရထားနှင့်အလှမ်းဝေးသေးသည်ဟု မမှန်မကန်ခန့်မှန်းကာ လမ်းကူးကို အမြန်ဖြတ်ကူးရန် ကြိုးစားခြင်း၊
- **မြင်ကွင်းမရှင်းလင်းခြင်း။** ရထားလမ်းကူးအနီးအနားတွင် သစ်ပင်၊ ချုံနွယ်များဖုံးအုပ်နေခြင်း၊ ကွေးကောက်သော လမ်းဒီဇိုင်းများရှိနေခြင်း သို့မဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြူဆိုင်းခြင်းတို့ကြောင့် ရထားလာသည်ကို မမြင်နိုင်ခြင်း၊
- **ဂိတ်စောင့်များ၏ အမှားအယွင်းများ။** ဂိတ်ဝန်ထမ်းများမှ အချိန်မှန် ဂိတ်ဘာရီယာမချမိခြင်း၊ ပေါ့ဆခြင်း သို့မဟုတ် လမ်းကူးအလိုအလျောက်စနစ်များ ပျက်စီးနေခြင်း၊
- **အာရုံစူးစိုက်မှုနည်းပါးခြင်း။** ယာဉ်မောင်းစဉ် ဖုန်းပြောခြင်း၊ သီချင်းကျယ်ကျယ် နားထောင်ခြင်း သို့မဟုတ် အခြားအရာများသို့ အာရုံရောက်နေခြင်းကြောင့် ရထားလာသည်ကို မသိရှိလိုက်ခြင်း၊
- **ယာဉ်စက်ပိုင်းဆိုင်ရာ ချို့ယွင်းချက်။** ရထားလမ်းကူးတွင် ဖြတ်သန်းစဉ် မော်တော်ယာဉ် သို့မဟုတ် ဆိုင်ကယ်များ စက်ထိုးရပ်သွားခြင်း သို့မဟုတ် ဘရိတ်မမိခြင်း။

ရထားလမ်းကူး (Level Crossing) များသည် ရထားနှင့် မော်တော်ယာဉ်၊ လမ်းလျှောက်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် အလွန်အရေးပါသောနေရာများဖြစ်ပါသည်။ မီးရထားသည် မိမိသွားလိုသည့်လမ်းကြောင်းအတိုင်း သံလမ်းပေါ်တွင်သာ မောင်းနှင်ရပြီး အရှိန်ပြင်းထန်သဖြင့် ဘရိတ်ချက်ချင်းအုပ်၍ မရနိုင်ပေ။ သို့ဖြစ်ရာ ရထားလမ်းကူးများတွင် ဖြစ်ပွားသည့် မတော်တဆမှုအများစုသည် လမ်းကူးသူများ၏ ပေါ့ဆမှုနှင့် စည်းကမ်းမလိုက်နာမှုများကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၁၁ သို့** ◆



✣ ကျောဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်၊ ဦးနေမျိုးလှိုင်၊ ဒေါ်စန်းစန်းနွယ်၊ ဦးရဲတင့်၊ ဒေါက်တာသန့်ဇော်လွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ပြေးခုန်ပစ်အားကစားနည်း ပြန်လည်ဦးမော့လာစေရေးနှင့် ခါးဆက်မပြတ်စေရေးအတွက် သက်တမ်းအလိုက် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး မြန်မာပြည်တစ်ဝန်းလုံးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အခြေခံပညာကျောင်းများတွင် ပြေးခုန်ပစ်အားကစားနည်းကို စိတ်ပါဝင်စားလာအောင် စည်းရုံးဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစားကဏ္ဍကို အစွမ်းကုန် အားပေးချီးမြှောက်နေသည့်အချိန်တွင် အားကစားသမားများအနေဖြင့် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲမှ တစ်ဆင့် နိုင်ငံတော်က အားထားရမည့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားကောင်းများ ဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများကို နှုတ်ဆက်အားပေးပြီး ပြိုင်ပွဲတွင် ပါဝင်ကူညီအားပေးဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ကာ ပြေးခုန်ပစ်အားကစားသမားများ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မကွေး အောက်တိုဘာ ၆**

၂၀၂၆ ခုနှစ် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖနှင့် လူငယ်မောင်မယ်များ၊ ပြိုင်ပွဲဝင်အသင်းများမှ နည်းပြ၊ အုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး ၂၀၂၆ ခုနှစ် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး အဖွင့်ပွဲစဉ်အဖြစ် မင်းဘူးမြို့နယ် ဖူဆယ်ဘောလုံးအသင်းနှင့် မင်းလှမြို့နယ် ဖူဆယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မင်းဘူးမြို့နယ်အသင်းက အနိုင်ရရှိသည်။

အဆိုပါ ၂၀၂၆ ခုနှစ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်အားကစားသမားများက အုပ်စုလေးစုခွဲ၍ ပြိုင်ပွဲဝင် ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

■



မီးရထားပိုင်နယ်မြေအတွင်း လူ (သို့မဟုတ်) ကျွဲ/နွား တိရစ္ဆာန်များ ကျူးကျော်ဝင်ရောက်ခြင်း၊ လွှတ်ကျောင်းခြင်း၊ ဖြတ်သန်းစေခြင်းမပြုရ။



ရထားလမ်းဂိတ်ပိတ်ထားစဉ် လွတ်ကင်းသည့်အကွာအဝေးတွင် ရပ်တန့်ထားရန်။

**❝ ရထားလမ်းကူးမတော်တဆမှုများ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သော ဂိတ်ပိတ်ထားစဉ် အတင်းတိုးဝင်ခြင်း၊ ရထားဥသြသံကြားရသော်လည်း အကွာအဝေးကို မှားယွင်းတွက်ချက်ကာ အမြန်လုဖြတ်ကူးခြင်း၊ ယာဉ်မောင်းစဉ် ဖုန်းပြောခြင်းနှင့် အာရုံစူးစိုက်မှုနည်းပါးခြင်းတို့ကြောင့် မတော်တဆမှုဖြစ်ပွားပါက အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ကြီးမားသော ထိခိုက်ပျက်စီးမှုများကို ကြုံတွေ့ရခြင်းဖြစ်ပါသည်။ ရထားတစ်စင်းလုံး၏ အရှိန်နှင့် အလေးချိန်သည် မော်တော်ယာဉ်တစ်စီး သို့မဟုတ် ဆိုင်ကယ်တစ်စီးထက် အဆပေါင်းများစွာကြီးမားသဖြင့် မတော်တဆမှုမဖြစ်ပွားအောင် အထူးဂရုစိုက်ရမည် ❞**

◆ စာမျက်နှာ ၁၀ မှ

ရထားလမ်းကူး မတော်တဆမှုများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သော ဂိတ်ပိတ်ထားစဉ် အတင်းတိုးဝင်ခြင်း၊ ရထားဥသြသံကြားရသော်လည်း အကွာအဝေးကို မှားယွင်းတွက်ချက်ကာ အမြန်လုဖြတ်ကူးခြင်း၊ ယာဉ်မောင်းစဉ် ဖုန်းပြောခြင်းနှင့် အာရုံစူးစိုက်မှုနည်းပါးခြင်းတို့ကြောင့် မတော်တဆမှု ဖြစ်ပွားပါက အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ကြီးမားသော ထိခိုက်ပျက်စီးမှုများကို ကြုံတွေ့ရခြင်းဖြစ်ပါသည်။ ရထားတစ်စင်းလုံး၏ အရှိန်နှင့် အလေးချိန်သည် မော်တော်ယာဉ်တစ်စီး သို့မဟုတ် ဆိုင်ကယ်တစ်စီးထက် အဆပေါင်းများစွာကြီးမားသဖြင့် မတော်တဆမှုမဖြစ်ပွားအောင် အထူးဂရုစိုက်ရမည်ဖြစ်ပါသည်။

အန္တရာယ်ကင်းရှင်းရေးသည် မီးရထားဝန်ထမ်းများ၏ တာဝန်သာမက လမ်းကူးကို အသုံးပြုကြသူတိုင်း၏ တာဝန်လည်းဖြစ်ပါသည်။ ရထားလမ်းကူးတိုင်းတွင် **“ရပ်၊ ကြည့်၊ သွား”** ဆိုသည့် ရိုးရှင်းသော အခြေခံစည်းကမ်းကိုလိုက်နာခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ရထားလမ်းကူးသို့မရောက်မီ အရှိန်လျှော့ခြင်း၊ ဂိတ်နှင့် သတိပေးမီးများကိုလိုက်နာခြင်း၊ ရထားဥသြသံကို ဂရုစိုက်နားထောင်ခြင်းတို့သည် မိမိနှင့် မိမိ မိသားစု၏အသက်ကို စောင့်ရှောက်ပေးသည့် မရှိမဖြစ် အလေ့အကျင့်များပင်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ရထားလမ်းကူး အန္တရာယ်ကင်းရှင်းရေးသည် လူတိုင်း တစ်ဦးချင်းစီ၏ စည်းကမ်းရှိမှုနှင့် စာနာထောက်ထားမှုအပေါ်တွင် မူတည်နေပါသည်။ လမ်းကူးအချက်ပြများကို လေးစားလိုက်နာပြီး သတိတရားဖြင့် ယဉ်ကျေးစွာမောင်းနှင်ခြင်းဖြင့် ရထားလမ်းကူး မတော်တဆမှုများကို လျှော့ချနိုင်မည်ဖြစ်သလို မိမိ၏ စည်းကမ်းရှိသော ပြုမူဆောင်ရွက်မှုမှတစ်ဆင့် လူတိုင်း၏ အသက်အိုးအိမ်စည်းစိမ်ကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ကရင်ပြည်နယ်ရှိ ရွှေကင်း-ကမော့ကစင်တူးမြောင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ဘားအံ အောက်တိုဘာ ၆

ကရင်ပြည်နယ်ရှိ ရွှေကင်း-ကမော့ကစင်တူးမြောင်း အရှည်ပေ ၁၀၀၀၀ ကျော်အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက စက်ယန္တရားများအသုံးပြု၍ ထိပ်ဝအကျယ် ၃၅ ပေ၊ အောက်ခြေအကျယ် ၁၅ ပေ၊ ပျမ်းမျှအနက် ၉ ပေရရှိအောင် ပြန်လည်တူးဖော်ခြင်း၊ မြောင်းပခုံးပေါ်ရှိ ချုံနွယ်၊ ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ နုန်းအနည်အနှစ်များ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ အခြေခံစားကုန်ဖြစ်သော ကြက်ဥကို ဒေသခံပြည်သူများအနေဖြင့် သက်သာသောနှုန်းထားဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်စေရေးအတွက် ဘားအံမွေးမြူရေးဇုန်၌ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဥစားကြက် (ကောင်ရေ ၃၀၀၀၀) မွေးမြူရေးခြံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ဥစားကြက်ကောင်ရေ ၁၀၀၀၀ ကို လှောင်အိမ်စနစ်ဖြင့် စဉ်ဆက်မပြတ် သုံးသုတ်မွေးမြူမည့် အစီအမံများ၊ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု၊ လှောင်အိမ်အပါအဝင် ကြက်ရုံတွင်းလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ လှိုင်းဘွဲ့မြို့နယ် ထီလုံ စစ်မှုထမ်းဟောင်းအိမ်ရာခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း (ဘားအံမြို့)မှ ဖွင့်လှစ်ခဲ့သည့် စက်ချုပ်နည်းပညာ သင်တန်းနှင့် လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာ သင်တန်း (ဒုတိယအကြိမ်) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကျုံပျော်မြို့၌ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်း တူးဖော်

ကျုံပျော် အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယမန်နေ့တွင် ကျုံပျော်-ရေကြည်သွားကားလမ်းနံဘေးမှရေနုတ်မြောင်းအား တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မြို့ဦးကျောင်းရှေ့မှ မြို့အဝင် ဆွမ်းအုပ်ရှေ့အထိ ရေနုတ်မြောင်း အရှည်ပေ ၅၀၀ အား အဖွဲ့ပိုင် စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်နေမှုကို ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကွင်းဆင်းကြည့်ရှုရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မင်းဘူးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး

မင်းဘူး အောက်တိုဘာ ၆

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ လုပ်ငန်းခွင်မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းက မင်းဘူးမြို့ပေါ်ရှိဆိုင်များ၌ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဝေဟိန်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ရှိ ဆိုင်များနှင့် ကာရာအိုကေဆိုင်များတွင် Fire Safety Certificate (FSC) သက်တမ်းတိုးလိုင်စင်ရရှိရေး၊ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရေး လုပ်ဆောင်ရမည့်အချက်များ၊ လုပ်ငန်းခွင်၊ ဆိုင်ခန်းများနှင့် လူနေဆောင်များ၌ မီးသတ်ဆေးဘူးများ ချိတ်ဆွဲထားရှိရေး၊ လျှပ်စစ် စနစ်တကျသွယ်တန်း တပ်ဆင်သုံးစွဲရေး၊ အရေးပေါ်ထွက်ပေါက်၊ အရေးပေါ်အချက်ပြမီး Fire Alarm များကောင်းမွန်ရေး စသည့်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## ဖလမ်းမြို့အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ



ဖလမ်း အောက်တိုဘာ ၆

ဖလမ်းမြို့အတွင်း တည်ဆောက်ရေးလုပ်ငန်းများအဖြစ် ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး RC သုံးထပ်ဆောင်ပြုပြင်ခြင်း၊ လမ်းဦးစီးဌာန ရိပ်သာသစ် နှစ်ထပ်အဆောက်အအုံ ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံးအဆောက်အအုံ သုံးထပ်ဆောင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေမှုကို ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဌာနဆိုင်ရာ အဆောက်အအုံများ ပြုပြင်ခြင်းသည် ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့ပြီး ပြည်သူများကို ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် လုပ်ငန်းပြီးစီးသည်နှင့် တစ်ပြိုင်တည်း သက်ဆိုင်ရာ ဌာနဆိုင်ရာများက ရုံးလုပ်ငန်းများ အမြန်ဆုံးလည်ပတ် ဆောင်ရွက်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် လမ်းဦးစီးရိပ်သာဟောင်း ပြုပြင်ဆောင်ရွက်နေမှုနှင့် ယာယီရုံး ဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နိုင်ငံ့ဝန်ထမ်းအိမ်ရာ သုံးထပ်ဆောင် ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖလမ်းမြို့တွင် တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ စိတ်ချမ်းသာစွာဖြင့် အခြေပြုနေထိုင်ကာ တာဝန်ထမ်းဆောင်နိုင်ရေး စေတနာထားဆောင်ရွက်ရန်၊ ဆယ်တင်ပစ္စည်းများ အလေအလွင့်မဖြစ်စေရေး စီမံဆောင်ရွက်ရန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများ စနစ်တကျ ဖယ်ရှားရှင်းလင်းရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ စနစ်တကျထားရှိ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အောင်လံမြို့နယ်ရှိ ဝါမျိုးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု



အောင်လံ အောက်တိုဘာ ၆

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် အသင်းသားစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့သည် အောက်တိုဘာ ၄ ရက်က အင်းကုန်းကျေးရွာအင်းကုန်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသား ဦးအောင်ကျော်မြင့်၏ ဝါစိုက်ခင်းသို့ သွားရောက်ကြည့်ရှုကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက အင်းကုန်းကျေးရွာ အင်းကုန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားဦးအောင်မြင့်ကျော်၏ TLB ဝါမျိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုပြီး တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားစဉ်။

ကျော်သန်း(ပြန်/ဆက်)





# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ကျင်းပ

မုံရွာ အောက်တိုဘာ ၆

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ စစ်ကိုင်း တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်း အဝေးစတင်ကျင်းပကြောင်း ကြေညာကာ အစည်း အဝေးတက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး များက ပြန်လည်ဖြေကြားပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် အဆိုပြုသည့် တိုင်းဒေသကြီးအစိုးရ အဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး စောရန်အောင်ကို ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားကိုရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် အတည်ပြု ကြောင်း ကြေညာကာ တတိယအကြိမ် စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားလိုက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့) ကျင်းပ

ထားဝယ် အောက်တိုဘာ ၆

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကို ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေးအထမြောက် ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေ အနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့ပြင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် များက ပြန်လည်ဖြေကြားခြင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာ ရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက် ခဲ့ကြပြီး တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့) ကို ရပ်နားလိုက်ကြောင်းနှင့် စတုတ္ထပုံမှန်အစည်း အဝေး (တတိယနေ့) ကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

မန္တလေး အောက်တိုဘာ ၆

တတိယအကြိမ် မန္တလေး တိုင်းဒေသကြီး လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (နဝမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးအောင်မြေ သာစံမြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော် မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီး များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာ သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ က အစည်းအဝေးတက်ရောက် မှုအခြေအနေကို လွှတ်တော်သို့ တင်ပြပြီး အစည်းအဝေး အထ မြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ကာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၁၁ ဦး မေးမြန်း သည့် ကြယ်ပွင့်ပြမေးခွန်း ၁၃ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်း ဆက်စကား ပြောကြားကာ တိုင်းဒေသကြီး လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (နဝမနေ့)ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် မန္တလေး တိုင်းဒေသကြီးလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**



# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပ

မြစ်ကြီးနား အောက်တိုဘာ ၆

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျို၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြ သည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျိုက အစည်းအဝေးတက်ရောက်မှု အခြေ အနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့အကျိုးပြု ကြယ်ပွင့်ပြမေးခွန်း ၁၀ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး မိုးကောင်းမြို့နယ် မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးနေလင်းစိုး တင်သွင်းခဲ့သည့် "ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား နိုင်ငံတော်မှ ထောက်ပံ့ပေးသည့်ထောက်ပံ့ငွေနှင့်ရုံးအသုံးအဆောင် များကို လက်ရှိကုန်ဈေးနှုန်းများဖြင့် ကိုက်ညီမှုရှိစေ ရန် ပြန်လည်သုံးသပ်၍ တိုးမြှင့်သတ်မှတ်ပေးရန် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တိုက်တွန်းကြောင်း" အဆိုကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ ဆွေးနွေးပြီး ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေး ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားကာ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏အဆုံးအဖြတ်ကို ရယူပြီး ယင်းအဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက လော်ဝေါ်၊ လာချိဒ်နှင့် လီဆူ တိုင်းရင်းသားလူမျိုးများ၏ အမည်မှန်(စာလုံးပေါင်း အမှန်)သတ်မှတ်နိုင်ရေး လွှတ်တော်သို့တင်သွင်းရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဝိုင်းမော်မြို့နယ်မဲဆန္ဒနယ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်မိုးသီတာ သိန်းက **"ဌာနဆိုင်ရာအချို့၏ (၅)နှစ်တာလုပ်ငန်း စီမံကိန်းများ ရေးဆွဲတင်ပြရာတွင် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ နှင့်အညီဆောင်ရွက်ရန် ကချင်ပြည်နယ် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသဖြင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာကာ တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ရပ်နားလိုက် ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား ဒုတိယပိုင်းအနေဖြင့် စနစ်တကျထပ်မံဖြိုချဖျက်ဆီး




ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်နယ်မြေ၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဒုတိယပိုင်းအနေဖြင့် ဆက်လက်ဖြိုချဖျက်ဆီးမှု။

နေပြည်တော် အောက်တိုဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက်ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအနက် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံများကို ယနေ့တွင် ဒုတိယပိုင်းအနေဖြင့် စတင်ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး သတင်းကွင်းဆက်များ ရယူအစီအမံများရေးဆွဲ၍ အသေးစိတ်ဝင်ရောက်ရှင်းလင်းခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ ၆၃၅ လုံးအား ရှာဖွေဖော်ထုတ် ဝင်ရောက်ရှင်းလင်းနိုင်ခဲ့ပြီး ယင်းဒေသတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုံးဝပြန်လည်အခြေမချနိုင်စေရေးအတွက် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အပိုင်း(၁၊ ၂၊ ၃) သတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် ရာနှုန်းပြည့် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းကိုလည်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၄၀ လုံးအား စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့အား ချိတ်ပိတ်၍ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးအား ဇူလိုင်လ ၂၆ ရက်နေ့တွင် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံအမျိုးအစားများမှ ၅ ထပ် အဆောက်အအုံ ၁ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၁၄၀ လုံးအနက် ၇၇ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်၍ ယခုဖြိုချဖျက်ဆီးဆဲ ၁ လုံးနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက် အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ စနစ်တကျ အစီအစဉ်ချ၍ အပြီးတိုင် အမြစ်ပြတ်ရှင်းလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အလှမ်းဝေးသော နယ်စပ်ဒေသများတွင် အခြေပြုခိုအောင်းလုပ်ကိုင်နေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းထန်ထိရောက်စွာ ဖမ်းဆီးအရေးယူ၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်နယ်မြေ၌ ဖြိုချဖျက်ဆီးမည့် အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံ

မဖြိုဖျက်မီ





ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံအား ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှု





ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံအား ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှု






## ❖ နိုင်ငံ့ဂုဏ်ဆောင်မှ

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့ရှိ (Nagoya City Higashi Sports Center)၌ ကျင်းပခဲ့သည့် အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် E-Sports အသင်းသည် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ E-Sports အမျိုးသားအသင်းပြိုင်ပွဲတွင် မျိုးမြင့်ကိုကိုကျော်၊ ဟိန်းထက်ဦး၊ ကျော်သူရ၊ ဟန်ထူးဆွေ၊ ရှိုင်းလင်းအောင်တို့က ရွှေတံဆိပ်ဆုတစ်ခု မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် E-Sports အသင်းသည် အုပ်စုအဆင့်နှင့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို အကောင်းဆုံးယှဉ်ပြိုင် အနိုင်ယူကျော်ဖြတ်၍ (Semi Final Stage) အကြို ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာ E-Sports အသင်းသည် မလေးရှားအသင်းကို ရလဒ်(၂)ပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ပြီး အာရှအားကစားပြိုင်ပွဲ၏ အမြင့်မားဆုံးသော (Grand Final) ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယင်းနောက် မြန်မာ E-Sports အသင်းသည် (Grand Final) ဗိုလ်လုပွဲ ပွဲစဉ်တွင် (Best of Seven) ပွဲငယ်(၇)ပွဲ ယှဉ်ပြိုင်ရာတွင် (၄) ပွဲအနိုင်ရရှိမည့်အသင်းသည် ပထမဆုရရှိမည်ဖြစ်သည့်အတွက် မြန်မာ E-Sports အသင်းသည် Game-1 မှ Game-4 အထိ အမှားအယွင်းနည်းစွာဖြင့် ရှုံးပွဲမရှိ အကောင်းဆုံးယှဉ်ပြိုင်၍ အင်ဒိုနီးရှားအသင်းကို ၄ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံအဖြစ် ပထမရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် အောင်မြင်စွာ ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang(MLBB) ပြိုင်ပွဲတွင် မြန်မာ E-Sports အားကစားနည်း၏ သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူပေးနိုင်ခဲ့သည်။

အဆိုပါ အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang (MLBB) ပြိုင်ပွဲတွင် ဒုတိယဆုကို အင်ဒိုနီးရှားအသင်းကလည်းကောင်း၊ တတိယဆုကို မလေးရှားအသင်းနှင့် ပူးတွဲတတိယဆုကို မွန်ဂိုလီးယားအသင်းတို့ကလည်းကောင်း ရရှိခဲ့သည်။

မြန်မာ E-Sports အသင်းမှ ဆွတ်ခူးရရှိခဲ့သည့် ရွှေတံဆိပ်ဆုသည် ဆုတံဆိပ်တစ်ခုမျှတင်မကဘဲ မြန်မာ့ E-Sports သမိုင်းတစ်လျှောက် အာရှအဆင့်တွင် မြန်မာ E-Sports အားကစားနည်းအတွက် ပထမဆုံးရရှိခဲ့သည့် မြင့်မားလှသော အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ယခုအောင်မြင်မှုသည် မြန်မာ့ E-Sports ကဏ္ဍတစ်ခုလုံး၏ အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်၍ နောင်လာမည့် မျိုးဆက်သစ် E-Sports အားကစားသမားများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်စေရုံသာမက ပြိုင်ပွဲဝင်နိုင်ငံများ၏ နိုင်ငံတကာစင်မြင့်ထက်တွင် မြန်မာနိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာသီဆို၍ နိုင်ငံတကာအလယ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏အလံကို ဆက်လက်လွှင့်ထူနိုင်ရန် အားအင်အပြည့်နှင့် စိတ်ဓာတ်ခွန်အားများစွာ ရရှိစေခဲ့သော အောင်မြင်မှုတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက် ဗျူဟာလမ်းရှိ အဆောင်တစ်ခု၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုပြုလုပ်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက် ဗျူဟာလမ်းရှိ ဝင်းချယ်ရီအဆောင်၌ အွန်လိုင်းလိမ်လည် လောင်းကစားခြင်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ရှာဖွေစစ်ဆေးရာ အဆိုပါအဆောင်ရှိအခန်းတစ်ခန်းအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်နေသူ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၂ ဦးကို အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီ ၅ မိနစ်ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားခြင်းနှင့်ပတ်သက်သည့် သတင်းများအရ လားရှိုးမြို့ ဗျူဟာလမ်းရှိ ဝင်းချယ်ရီ အဆောင်အတွင်း ဝင်ရောက် ရှာဖွေစစ်ဆေးရာ အဆောင်ရှိ အခန်းအမှတ်(၂၁၄) အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်နေသူ လားရှိုးမြို့နေ မင်ပွေးဆင် (ဘ) ဦးငွားဝူ၊ မဇေဖူး(ဘ) ဦးငွားဝူ၊ ကောင်းဝင်းကြည် (ခ) အန်းဝယ် (ဘ) ဦးကောင်းကျင်နှင့် ထန်အင်ရှီ (ခ) အဖျင်း (ဘ) ဦးဖာဝမ်းတို့ ၄ ဦးကို အွန်လိုင်းလောင်းကစားလုပ်ကိုင်ရာတွင် အသုံးပြုသည့် Laptop ၄ လုံး၊ All in One ကွန်ပျူတာ ၁ လုံး၊ ဖုန်းမျိုးစုံ ၇ လုံး၊ Wifi စက် ၂ လုံး၊ ငွေကျပ် ၄၇၅၀၀၀ တို့နှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများအား လားရှိုးမြို့မရဲစခန်း၌ အီလက်ထရောနစ် ဥပဒေပုဒ်မ ၃၃ (က) ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင်ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၁၀၀



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ဖမ်းဆီးရမိသည့်နေရာ။




ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြပုံ။



ဖမ်းဆီးရမိသည့်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားပြီး ရရှိသော ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်

**နေပြည်တော် အောက်တိုဘာ ၆**

အမျိုးသမီးငယ်များကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားပြီး ရရှိသော ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တာကြီးရပ်ကွက်နေ အမျိုးသမီးတစ်ဦးအား တစ်အိမ်တည်းနေ အဘိုးဖြစ်သူ၏ နောက်အိမ်ထောင် ဒေါ်စန်းမိုး(ခ)မိသဲက တရုတ်အမျိုးသားနှင့် တစ်နှစ် ပေါင်းသင်းရမည်၊ ငွေကျပ်သိန်း ၉၀ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး ၎င်း၏သမက်ဖြစ်သူ ကျော်ဝင်းထွန်း(ခ)ဝေလင်း၊ သမီးဖြစ်သူ စိုးသန္တာ (ခ) စိုးသန္တာထွန်းတို့နှင့် မဝတ်ရည်တို့က မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် ခေါ်ဆောင်လာကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲစခန်း (ပ)၆၂/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ပြင်ဦးလွင်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ကျော်ဝင်းထွန်း(ခ)ဝေလင်းအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်စန်းမိုး(ခ)မိသဲ၊ မဝတ်ရည်နှင့် စိုးသန္တာ (ခ)စိုးသန္တာထွန်းတို့ သုံးဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာနေ အမျိုးသမီးတစ်ဦးအား မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မရတနာဦး(ခ) မရတီမိုင်းနှင့် ခင်ပွန်းဖြစ်သူ ပြည့်ဖြိုးမောင်တို့က TikTok အကောင့်မှတစ်ဆင့် ထမင်းချက်အလုပ်ရှိကြောင်း ၊ တစ်လငွေကျပ် ၂၅ သိန်းရရှိမည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်ခဲ့ပြီး ထမင်းချက်အလုပ်မခိုင်းဘဲ စားသောက်ဆိုင်များတွင် စင်တင်ရှိုးလျှောက်ခြင်း၊ အမျိုးသားများနှင့် ဝိုင်းထိုင်ခြင်း၊ အမျိုးသားများနှင့် ပြင်ပသို့လိုက်၍ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောသဖြင့် ထွက်ပြေးခဲ့သော်လည်း အခန်းတွင်းပိတ်လှောင်ထားသဖြင့် မိဘများထံမှ ငွေကျပ် ၅ သိန်း တောင်းခံပြီး မရတနာဦး(ခ)မရတီမိုင်းနှင့် ပြည့်ဖြိုးမောင် တို့အား ပေး၍ နေအိမ်ပြန်ခဲ့ရကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း(ပ)၉၀/၂၀၂၆၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅/၄၄ အရ အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မရတနာဦး(ခ)မရတီမိုင်းနှင့် ပြည့်ဖြိုးမောင်တို့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အောင်လံမြို့နယ်၌ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်

**အောင်လံ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပေါင်းဓာတ်မြေဩဇာနှင့် မျိုးစေ့များထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပေါင်းဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဝါမျိုးစေ့ထုပ်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိစိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွန်ပေါင်းဓာတ်မြေဩဇာနှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ထားဝယ် အောက်တိုဘာ ၆**

တနင်္သာရီ တိုင်းဒေသကြီး အတွင်း မိုးသည်းထန်စွာ စံချိန်တင် ရွာသွန်းမှုနှင့် လပြည့်ရက် မြစ်ရေ ပြည့်ချိန်တို့ တိုက်ဆိုင်၍ ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ လောင်းလုံးမြို့၊ ပုလောမြို့၊ တနင်္သာရီမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာ အချို့တွင် ရေကြီးရေလျှံမှုများနှင့် အချို့ ဒေသများတွင် မြေပြိုမှုများဖြစ်ပေါ်ခဲ့သဖြင့် လောင်းလုံးမြို့နယ် အတွင်း ကူညီထောက်ပံ့ရေး လုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၆)ကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အစည်းအဝေးတွင် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက တိုင်းဒေသကြီးအတွင်း ကယ်ဆယ်ရေးစခန်း ၂၄ ခုတွင် လူဦးရေစုစုပေါင်း ၉၀၆၈ ဦး ရှိခဲ့ရာ ယခုလက်ရှိတွင် ကယ်ဆယ်ရေးစခန်း ၁၁ ခုနှင့် လူဦးရေ ၃၀၅၇ ဦးသာ ကျန်ရှိတော့ကြောင်း၊ တိုင်းဒေသကြီးသည် ကမ်းရိုးတန်းဒေသဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် သဘာဝဘေး အန္တရာယ် ဖြစ်ပေါ်လာပါက ကာကွယ်ရမည့် နည်းလမ်းများကို ကျယ်ပြန့်စွာသိရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်ကို အကြောင်းပြုပြီး ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ ကုန်ဈေးနှုန်းကြီးမြင့်အောင် ဆောင်ရွက်လာနိုင်သောကြောင့် မဖြစ်ပွားအောင် ကြိုတင်စီမံထားရှိရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ စေတနာထား၍ လုပ်ကိုင်ဆောင်ရွက်ပါက အောင်မြင်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်က သဘာဝဘေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ နယ်မြေခံ တိုင်းရင်းသား ပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စက်ယန္တရားများ ဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြင့် မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေ၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရသူများအား ထောက်ပံ့ကူညီမှု အခြေအနေ၊ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရေပေးဝေရေးလုပ်ငန်း၊ စားသောက်ကုန်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးထားမှု အခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဟင်္သာတမြို့နယ်၌ တောင်သူများအား မျိုးစပါးနှင့် ထွန်ယက်ဆီထောက်ပံ့ပေးအပ်

**ဟင်္သာတ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးစပါး ရေကြီးနစ်မြုပ်ပျက်စီးသော ဧကများအနက် စပါးသီးနှံပြန်လည်စိုက်ပျိုးမည့် တောင်သူများအား မျိုးစပါးနှင့် ထွန်ယက်ဆီ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

ဦးစွာ ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြည်က မျိုးစပါးများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးက ထွန်ယက်ဆီ ထောက်ပံ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တလုတ္တော်ဇရပ်ကွင်းအုပ်စု၊ ဒုတ်ရိုက်အုပ်စု၊ အင်းဝင်းအုပ်စုတို့မှ တောင်သူများအား စုစုပေါင်း စိုက်ဧက ၆၂ ဧကအတွက် မျိုးစပါးများ၊ ပိုက်ဆံလျှော်မျိုးစေ့များ၊ သီးနှံမျိုးစေ့များ၊ ထွန်ယက်ဆီများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**သထုံ အောက်တိုဘာ ၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ ချောင်းမြောင်းများအတွင်း အမှိုက်သရိုက်များ ပိတ်ဆို့မှုမဖြစ်ပွားစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာန တာဝန်ရှိသူများပူးပေါင်းကာ ယနေ့မွန်းလွဲပိုင်းတွင် ဘင်လှိုင်ရပ်ကွက် ပရိုကိုးလမ်း ကွန်ကရစ်တံတားအနီး ရေမြောင်းအား စုပေါင်းတူးဖော်ရှင်းလင်းခဲ့ကြသည်။

စုပေါင်းရှင်းလင်းရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး စိုးလင်းထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ရေမြောင်းနှင့် ပရိုကိုးလမ်းဘေးဝဲ/ယာရှိ အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ချောင်းမြောင်းတူးဖော်ခြင်း စုပေါင်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)ကြောင့် တနင်္သာရီတိုင်းဒေသကြီး အတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှ စတင်၍ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ် - လောင်းလုံး - ကျောက်နီမော် - ရှင်မော် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ထားဝယ် - လောင်းလုံး - ကျောက်နီမော် - ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျနေသော မြေစိုင်၊ မြေခဲများအား ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ကူညီကယ်ဆယ်ရေးများက သဘာဝဘေးဒဏ် ထိခိုက်မှုများပြားခဲ့သည့် ကဒက်ငယ်ထိန် ကျေးရွာ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့ ပတ်ဝန်းကျင်ဒေသရှိ သဗျာ၊ ပညင်း၊ ညင်းမော်၊ ပြင်းထိန်၊ ပိန်းချောင်းနှင့် စန်းလှမ်းကျေးရွာတို့မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ နေအိမ်များအတွင်း ဝင်ရောက်နေသော ရွှံ့မြေများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ နေအိမ်နှင့် လမ်းများပေါ်ရှိ ပြိုကျနေသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ကဒက်ငယ်ထိန် ကျေးရွာလမ်းမပေါ်ရှိ ပြိုကျနေသောမြေများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများအား မြေညှိပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသော အမှိုက်များအား ရှင်းလင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျောက်နီမော်ကျေးရွာတွင် ကျေးရွာအတွင်းနှင့် လမ်းပေါ်ရှိ ပြိုကျမြေစိုင်၊ မြေခဲများအား ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့အတူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် လမ်းမတစ်လျှောက်နှင့် စာသင်ကျောင်းတို့၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြစ်ရေပြန်လည်ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့် နုန်းမြေများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ကူညီကယ်ဆယ်ရေးနှင့်ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံကိုယ်စားပြုဆိုတဲ့ စိတ်ဓာတ်နဲ့ နိုင်ငံတော်အလံကို တိုင်ထိပ်မှာ လွှင့်ထူနိုင်ရမယ်ဆိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်ခဲ့တာကြောင့် ကျွန်တော်တို့ရည်မှန်းချက်ကို လက်တွေ့ပြသနိုင်ခဲ့တဲ့အပေါ် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါတယ်

မောင်မျိုးမြင့်ကိုကိုကျော်(အာရှရွှေတံဆိပ်ဆုရှင်)

ဂျပန်နိုင်ငံ Aichi-Nagoya တွင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် Esports အားကစားကဏ္ဍ၌ မြန်မာ့လက်ရွေးစင် National Team Zanaka အသင်းသည် Mobile Legends: Bang Bang (MLBB)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုကို အတွေ့အကြုံရင့် အာရှထိပ်သီးနိုင်ငံများကို ကျော်ဖြတ်၍ ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံပေါင်း ၄၅ နိုင်ငံ၌ မြန်မာနိုင်ငံသည် အဆင့်(၂၂)တွင် ရပ်တည်နိုင်ခဲ့ပြီး Esports သမိုင်းတစ်လျှောက်၌ အာရှအဆင့်တွင် ပထမဆုံးရရှိခဲ့သည့် မြင့်မားလှသော အောင်မြင်မှုတစ်ရပ်လည်းဖြစ်ရာ Esports အားကစားကဏ္ဍဖြင့် ရွှေခေတ်ကိုစတင်ခြေလှမ်းခဲ့ပြီး ရွှေတံခါးကိုဖွင့်လှစ်နိုင်ခဲ့သည့် Mobile Legends: Bang Bang(MLBB)ပြိုင်ပွဲဝင်အားကစားသမားတို့၏ နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရရှိမှုအပေါ် လှိုက်လှဲဝမ်းသာ ရင်တွင်းစကားသံတို့အား စုစည်းဖော်ပြလိုက်ပါသည် -


မောင်ရှိုင်းလင်းအောင်


မောင်ဟိန်းထက်ဦး


မောင်ကျော်သူရ


မောင်မျိုးမြင့်ကိုကိုကျော်


မောင်ဟန်ထူးဆွေ


ဒေါက်တာကောင်းမြတ်စံ


မောင်မင်းထွန်းအောင်

**မောင်ရှိုင်းလင်းအောင်**
**(အာရှရွှေတံဆိပ်ဆုရှင်)**

အားကစားနည်းတွေ ထဲကမှ Esports ကို ဘာကြောင့် ရွေးချယ်ဖြစ်လဲဆိုတော့ COVID 19 ကာလတုန်းက လူငယ်တွေကြားမှာ ဖုန်းဂိမ်းတွေက ရေပန်းစားလာကြတယ်။ အဲဒီအချိန်မှာ သိလာရတာက ဒီဂိမ်းတွေကနေ ဘဝလမ်းကြောင်းကို လျှောက်လှမ်းလို့ရတယ်ဆိုတာ သိလာရတော့ Esports ကို ရွေးချယ်ဖြစ်ခဲ့တာပါ။ လူငယ်တွေဘဝ အနာဂတ်မှာ မှန်ကန်တဲ့လမ်းကို ရွေးချယ်စေချင်ပါတယ်။ မိမိနိုင်ငံ၊ မိမိပတ်ဝန်းကျင်နဲ့ လူမှုအသိုက်အဝန်းမှာ အထောက်အကူ ပြုနိုင်တာတစ်ခုခုကို လုပ်ဆောင်နိုင်ဖို့လိုပါတယ်။ Esports အားကစားဟာ ကျွန်တော့်အနာဂတ်ရဲ့ အလင်းရောင်လို့ ခံယူထားတဲ့အတွက် ကျွန်တော် ဒီ Esports လမ်းကြောင်းကနေ မြန်မာဆိုတာ ဘာလဲဆိုပြီး မြန်မာ့အလံကို တစ်ကမ္ဘာလုံးရဲ့ အပေါ်မှာ စိုက်ထူလိုတဲ့ အိပ်မက်မျိုးနက်နက်ရှိုင်းရှိုင်း ရှိနေပါတာ်။ ဆက်လက်ပြီး အာရှအဆင့်ကနေ ကမ္ဘာ့အဆင့် တက်လှမ်းသွားနိုင်မယ့် ပြည်သူတွေပေးတဲ့ ခွန်အားတွေရှိနေပါပြီ။ နိုင်ငံ့ဂုဏ်ကို ဆက်လက် မြှင့်တင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**မောင်ဟိန်းထက်ဦး**
**(အာရှရွှေတံဆိပ်ဆုရှင်)**

ပြီးခဲ့တဲ့ MSC ပွဲတုန်းက ကျွန်တော်တို့ YG ဆိုတဲ့ နာမည်နဲ့ ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုရခဲ့ပါတယ်။ ဒီတစ်ခါ Asian Games မှာ Team Myanmar ဆိုတဲ့နာမည်နဲ့ ယှဉ်ပြိုင်ရတဲ့အခါမှာ အောင်မြင်မှုက ကျွန်တော်တို့အတွက်ပဲ မဟုတ်ဘဲ ကျွန်တော်တို့နိုင်ငံကို ကိုယ်စားပြုတာကြောင့် အလွန်ရင်ခုန်ပြီး မြန်မာဆိုတာ ဘာလဲဆိုပြီး ပြချင်တဲ့ဆန္ဒက ကျွန်တော်တို့ အဖွဲ့ရင်ထဲမှာ ရှိနေခဲ့ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် စဉ်းစားမိတိုင်း ရင်ထဲမှာတရိပ်ရိပ်နဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်။ Asian Games Champion ဖြစ်သွားတဲ့အတွက် ကျွန်တော်တို့အသင်းကို အခြားနိုင်ငံက အသင်းကြီးတွေ စောင့်ကြည့်နေကြမှာပါ။ ကျွန်တော်တို့ရထားတဲ့စံချိန်ကို ဆက်ပြီး ထိန်းသွားမှာပါ။ တစ်ဆင့်ပြီး တစ်ဆင့် ပိုမြင့်လာမယ့် ကမ္ဘာ့အဆင့်ပြိုင်ပွဲအတွက် စိတ်အားတက်ကြွနေပြီး အာရှအဆင့်ကနေ ကမ္ဘာ့အဆင့်ကို တက်လှမ်းနိုင်မယ့် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုအတွက်လည်း ကျွန်တော်တို့ စုဖွဲ့လေ့ကျင့်မှုတွေကို အရှိန်အဟုန်မပြတ် လုပ်ဆောင်သွားဖို့ ရှိနေပါတယ်။

**မောင်ကျော်သူရ**
**(အာရှရွှေတံဆိပ်ဆုရှင်)**

ဒီ MLBB game ရဲ့ အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနဲ့ မလေးရှားလို နိုင်ငံတွေကတော့ကျစ်လျစ်ပြီး နာမည်ကြီးတဲ့ အသင်းတွေ ဖြစ်တဲ့အတွက် နောက်လာမယ့် ပြိုင်ပွဲတွေမှာ ဒီနိုင်ငံသုံးနိုင်ငံက အသင်းတွေကို ဂရုတစိုက်လေ့လာပြီး ကျော်ဖြတ်နိုင်အောင် ပြင်ဆင်သွားပါ့မယ်။ ဒီ Asian game ပြိုင်ပွဲမှာ ကျွန်တော်တို့အတွက် အထူးဂရုစိုက်ယှဉ်ပြိုင်ရတာက အင်ဒိုနီးရှားအသင်းပါ။ သူတို့အသင်းက အသင်းလိုက် ကစားတာကောင်းတဲ့အပြင် ကစားကွက်ရွှေ့တာကလည်း သေသပ်တာကြောင့် အထူးဂရုစိုက်ပြီး ပြိုင်ပွဲဝင်ခဲ့ပါတယ်။ အုပ်စုပွဲစဉ်တွေကနေ အာရှချန်ပီယံအထိ နိုင်ငံအတွက် မလျှော့တဲ့ ဇွဲနဲ့လုံ့လစိုက်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြတဲ့ သူငယ်ချင်းတွေကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ အမြဲအားပေးပြီး နည်းလမ်းမှန်အောင် လမ်းပြပေးခဲ့တဲ့ အဖွဲ့ဥက္ကဋ္ဌနဲ့အသင်းနည်းပြကိုလည်း ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ရအောင် အားပေးခဲ့ကြတဲ့ မြန်မာပရိသတ်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**မောင်မျိုးမြင့်ကိုကိုကျော်**
**(အာရှရွှေတံဆိပ်ဆုရှင်)**

Grand Final ကို မတက်မီ မလေးရှားကိုယ်စားပြုအသင်းနဲ့ ဆော့ရတဲ့အချိန် Game 2 မှာ ကျွန်တော်တို့အသင်းက နိမ့်နေခဲ့တာပါ။ ရင်ခုန်နေရတဲ့အချိန်ပါ။ အဲဒီလို နိမ့်နေတာကနေ ပြန်နိုင်အောင် ဆော့နိုင်ခဲ့ပြီး အနိုင်ရသွားတဲ့အခါ Silver medal လည်း ကြိမ်းသေသွားသလို Final လည်း ရောက်သွားတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ Final ပွဲမစတင်မီ ကျွန်တော့်ရင်ထဲမှာ စိတ်လှုပ်ရှားတာထက် တစ်ဖက်အသင်းကို ဘယ်လိုနိုင်အောင် ယှဉ်ပြိုင်ရမလဲဆိုတာကို အမြဲစဉ်းစားခဲ့ပါတယ်။ ပြီးတော့ နိုင်ငံကိုယ်စားပြုကစားတာဖြစ်တဲ့အတွက် ဒီလိုအခွင့်အခါမျိုးကို နောက်တစ်ခါပြန်ရဖို့ မဖြစ်နိုင်တာကြောင့် နိုင်ငံနဲ့အဖွဲ့ချုပ်အတွက် ရွှေရအောင်ယူရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပြိုင်ပွဲကို အထူးဂရုစိုက်ပြီး ယှဉ်ပြိုင်ခဲ့ပါတယ်။ စည်းလုံးမှု၊ ဟန်ချက်ညီမှု၊ နိုင်ငံကိုယ်စားပြုဆိုတဲ့ စိတ်ဓာတ်နဲ့ နိုင်ငံတော်အလံကို တိုင်ထိပ်မှာ လွှင့်ထူနိုင်ရမယ်ဆိုတဲ့ စိတ်နဲ့ ယှဉ်ပြိုင်ခဲ့တာကြောင့် ကျွန်တော်တို့ ရည်မှန်းချက်ကို လက်တွေ့ပြသနိုင်ခဲ့တဲ့အပေါ် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါတယ်။ ဆက်ပြီး ကြိုးစားသွားမှာပါ။

**မောင်ဟန်ထူးဆွေ**
**(အာရှရွှေတံဆိပ်ဆုရှင်)**

Esports အားကစားကို အခြားနိုင်ငံတွေမှ အားကစားသမားတွေနဲ့တန်းတူ ဆက်ဆံပေးတာ၊ ဆင်တူဝတ်စုံနဲ့ ဖိနပ်တွေစတဲ့ အရာရာ ဂရုစိုက်ပေးတာမြင်ရတော့ ကျွန်တော်တို့ အားကစားကို ပိုပြီး ဂုဏ်ယူမိလာပါတယ်။ ပြီးတော့ နိုင်ငံကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်ရတာ ဖြစ်တဲ့အတွက် မြန်မာဆိုတာ ဘာလဲဆိုတာ ထုတ်ဖော်ပြသခွင့်ရတဲ့ အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ အထူးသဖြင့် နိုင်ငံတော်အလံကို အခြားနိုင်ငံတွေအထက်မှာ မြင်တွေ့ခဲ့ရပြီး နိုင်ငံတော်သီချင်းသံကြားလိုက်ရတဲ့ အချိန်ဟာ ရင်ထဲမှာ ဆို့နင့်သလိုခံစားရတဲ့အပြင် ကြက်သီးတွေ တဖြန်းဖြန်း ထလာသလို မျက်ရည်လည်းဝဲခဲ့မိပါတယ်။ ဒါဟာ မြန်မာကွလို့လည်း သူတို့တွေကိုကြည့်ပြီး ရင်ထဲမှာ ကြုံးဝါးခဲ့ပါတယ်။ အဲဒီထက်အကောင်းဆုံး ခံစားချက်ကတော့ ကိုယ့်နိုင်ငံသီချင်းကို အခြားနိုင်ငံတွေရဲ့အလယ်မှာ သီဆိုဖွင့်ပြခွင့်ရခဲ့တာကို အတိုင်းမသိ ဝမ်းသာမိပြီး အခုနေ ပြန်စဉ်းစားမိရင်တောင် နိုင်ငံနဲ့ပြည်သူအတွက် နှစ်ထောင်းအားရ ကျေနပ်မိပါတယ်။

**ဒေါက်တာကောင်းမြတ်စံ**
**(မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ)**

ကျွန်တော့် မိဘဘိုးဘွားတွေ အမြဲပြောပြလေ့ရှိတဲ့ ၁၉၆၀ ပြည့်လွန်နှစ်တွေက အာဘ ဗဟာဒူးတို့ ဘောလုံးအားကစား ရွှေခေတ်ရဲ့ အာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုအတိုင်းပဲ အခု ကျွန်တော်တို့ MLBB Esports အသင်းလိုက် အားကစားနည်းကနေ သမိုင်းဝင် ရွှေတံဆိပ်ဆုကြီးကို ဆွတ်ခူးရရှိခဲ့ပါပြီ။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အာရှစင်မြင့်ထက်မှာ နည်းပညာနဲ့ ဉာဏ်ရည်ဉာဏ်သွေး (Brain Power)ကို အခြေခံတဲ့ ခေတ်သစ် Digital အားကစားနည်းနဲ့ ကမ္ဘာ့ထိပ်သီးနိုင်ငံတွေကိုကျော်ဖြတ်ပြီး ပထမဦးဆုံးရရှိခဲ့တဲ့ သမိုင်းဝင်ရွှေတံဆိပ်ဆုလည်း ဖြစ်ပါတယ်။ ဒါဟာ မြန်မာ့အားကစား မျိုးဆက်ပေါင်းများစွာ မျှော်လင့်ခဲ့ကြတဲ့ ရည်မှန်းချက်ဖြစ်သလို ကျွန်တော့်ဘဝရဲ့ အကြီးမားဆုံး အိပ်မက်တစ်ခုကို အကောင်အထည် ဖော်နိုင်ခဲ့တာဖြစ်လို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။

ရွှေခေတ်ရဲ့အစဖြစ်တဲ့ ၂၀၂၅ ခုနှစ် PUBG ကမ္ဘာ့ဖလား ချန်ပီယံဆု၊ ၂၀၂၆ ခုနှစ် MLBB ကမ္ဘာ့ဖလား ဒုတိယဆုတွေကနေ အခု အာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုအထိ ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့တာဟာ မြန်မာနိုင်ငံကို အာရှနဲ့ကမ္ဘာရဲ့ Digital Sports Powerhouse အဖြစ် တရားဝင်အသွင်ကူးပြောင်း သက်သေပြနိုင်ခဲ့တာဖြစ်ပါတယ်။ မြန်မာလူငယ်တွေရဲ့ ဉာဏစွမ်းအား၊ နည်းပညာစွမ်းအားနဲ့ စိတ်ဓာတ်ခွန်အားဟာ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်ပြီဆိုတာကို သက်သေပြလိုက်နိုင်ပါပြီ။ ကျွန်တော့်အနေနဲ့ အဖွဲ့ချုပ်ဥက္ကဋ္ဌ တာဝန်ယူချိန်ကတည်းက အဓိကထား တည်ဆောက်ခဲ့တဲ့ ရည်မှန်းချက်ကတော့ မြန်မာ့ Esports ကစားသမားတွေကို ဆီးဂိမ်း(SEA Games)၊ အာရှအားကစားပြိုင်ပွဲ (Asian Games) နဲ့ အိုလံပစ်(Olympic) လိုမျိုး ကမ္ဘာနဲ့အာရှရဲ့ အမြင့်မားဆုံး တရားဝင် အားကစားစင်မြင့်တွေထက်မှာ နိုင်ငံတော်အတွက် ဂုဏ်ယူဝင့်ကြွားစွာ ယှဉ်ပြိုင်အောင်ပွဲဆင်နိုင်အောင် လမ်းခင်းပေးဖို့ဖြစ်ပါတယ်။

အခုရရှိခဲ့တဲ့ အာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုကြီးဟာ Esports အသိုက်အဝန်းတစ်ခုတည်းအတွက် အောင်ပွဲမဟုတ်ပါဘူး။ ဒါဟာ မြန်မာ့လူငယ်ထုတစ်ရပ်လုံးရဲ့အောင်ပွဲ၊ မြန်မာ့အားကစား လောကတစ်ခွင်လုံးရဲ့ အောင်ပွဲ၊ မိဘပြည်သူတစ်ရပ်လုံးရဲ့ အောင်ပွဲပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းပြည်နဲ့ ပြည်သူတစ်ရပ်လုံး ရှေ့မှောက်ကို နိုင်ငံ့ဂုဏ်ဆောင် အာရှရွှေတံဆိပ်ဆုကြီးနဲ့အတူ တစ်နိုင်ငံလုံးရဲ့ မျှော်လင့်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ခေတ်သစ် Esports အားကစားနည်းနဲ့ ရွှေတံခါးကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါပြီ။

**မောင်မင်းထွန်းအောင်**
**(MLBB နည်းပြ)**

နည်းပြတစ်ယောက် အနေနဲ့ ကိုယ့်ကစားသမားတွေရဲ့ ကြိုးစားအားထုတ်လိုစိတ်နဲ့ meta နဲ့ game ကို သူများတွေထက်ပိုပြီး ကျွမ်းကျင် နားလည်အောင် ကစားသမားတွေနဲ့ စကားပြောတိုင်ပင်ဆွေးနွေး အကြံပေးရင်း ကိုယ့်ရဲ့ draft pick, playstyle တွေကိုလည်း ကျစ်လျစ်ဆန်းသစ်နေအောင် ကြိုးစားခဲ့ပါတယ်။ နည်းပြတစ်ယောက် အနေနဲ့ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်နဲ့အတူ တိုင်းပြည်နဲ့လူမျိုးအပေါ် အကျိုးပြုနိုင်ခဲ့မှုအပေါ် အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။

**အင်တာဗျူး - သစ္စာ(MNA)**
**ဓာတ်ပုံ - MESF**

# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် သတင်းပေးတိုင်ကြားချက်အရ အောင်ပန်းဘုန်းကြီးကျောင်းတိုက်၊ အမှတ်(၃၄)၊ ရေတာရှည်လမ်းဟောင်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လိပ်စာသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းမှ ရှာဖွေတွေ့ရှိရသော အောက်ဖော်ပြပါ ဆေးဝါးနမူနာများဖြစ်သည့် ဆေးတောင့်/ဆေးထုပ်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ အနောက်တိုင်းဆေးဝါးများ (Diclofenac and Dexamethasone) ရောနှောထားခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသဖြင့် အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အောင်ပန်း ဆရာတော် သောက်တဲ့ဆေး သက်သေခံမှတ်(က) | ဒူးနာ ခါးနာပျောက် | ဆေးတောင့်/ ထုပ် | အောင်ပန်းဘုန်းကြီးကျောင်းတိုက်၊ အမှတ်(၃၄)၊ ရေတာရှည်လမ်းဟောင်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ | Diclofenac and Dexamethasone |
| ၂။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ခ) | | ဆေးတောင့်/ ထုပ် | | |
| ၃။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ဃ) | | ဆေးတောင့်/ ထုပ် | | |
| ၄။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ဂ) | | ဆေးမှုန့် /ထုပ် | | မှတ်ပုံတင်ထားခြင်း မရှိ |




ဆေးထုပ်နမူနာ သက်သေခံအမှတ်(က)



ဆေးထုပ်နမူနာ သက်သေခံအမှတ်(ခ)



ဆေးထုပ်နမူနာ သက်သေခံအမှတ်(ဂ)



ဆေးထုပ်နမူနာ သက်သေခံအမှတ်(ဃ)

**Diclofenac နှင့် Dexamethasone ရောနှောသည့် ဆေးထုပ်နမူနာများ**

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အောင်လံမြို့နယ်၌ ဆရာတော် သံဃာတော်များအား UID ကတ်များ ဆက်ကပ်

**အောင်လံ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မြို့နယ်အတွင်းရှိဆရာတော် သံဃာတော်များအား UID ကတ်များ ဆက်ကပ်ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် သီတဂူဓေတိက စာသင်တိုက်၌ ကွင်းဆင်းဆောင်ရွက်သည်။



**ကွင်းဆင်းကြည့်ရှုအားပေး**

UID ကတ်များ ဆောင်ရွက်ပေးနေမှုကို ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောင်လံခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆရာတော် ၁၄၉ ပါးအား UID ကတ်များ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✦ MFF ယူ-၁၉ မှ

၁၂ ပွဲဆက်တိုက် ရှုံးပွဲမရှိဘဲ ထိပ်ဆုံးတွင် ဦးဆောင်နေသည့် Pacific Sun Far အသင်းသည် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ပြီး MIU အသင်း၊ YRG အသင်းတို့နှင့် ရမှတ်တူသွားခြင်းဖြစ်သည်။ Pacific Sun Far အသင်းသည် ပထမအကျော့ ၁၁ ပွဲစလုံး အနိုင်ကစားနိုင်သော်လည်း ဒုတိယအကျော့ အဖွင့်ပွဲနှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့ပြီး နှစ်ပွဲတွင် တစ်မှတ်သာရယူနိုင်ခဲ့သည်။ ပွဲစဉ် (၁၃) တွင် Gold Dream အသင်းက Burmese Warriors အသင်းကို ငါးဂိုး-ဂိုးမရှိ၊ United City အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ Royal Noka အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၂ ဂိုး-ဂိုးမရှိ၊ YRG အသင်းက JV အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ULAD အသင်းက Pacific Sun Far အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ MIU အသင်းက YCDC Dream Team အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ် (၁၃) အပြီးတွင် Pacific Sun Far အသင်း၊ MIU အသင်းနှင့် YRG အသင်းတို့က ၃၄ မှတ်စီ၊ ULAD အသင်းက ၂၇ မှတ်၊ YCDC Dream Team အသင်းက ၂၃ မှတ်၊ Gold Dream အသင်းက ၂၀ မှတ်၊ JV အသင်းက ၁၆ မှတ်၊ United City အသင်းက ၁၅ မှတ်၊ Royal Noka အသင်းက ၁၂ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ခုနစ်မှတ်၊ မင်္ဂလာဒုံစီးတီးအသင်းက သုံးမှတ်၊ Burmese Warriors အသင်းက တစ်မှတ်ရရှိထားသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❂ ၂၀၂၆ ခုနှစ်မှ

၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အမျိုးသား/ အမျိုးသမီး မီတာ- ၃၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၁၀၀ (၄)ယောက် လက်ဆင့်ကမ်းပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသမီး(၇)မျိုးစုံ(၅)အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး(၇)မျိုးစုံ(၇)မီတာ-၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ-၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲများကို လည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁) လေ့ကျင့်ရေးကွင်း၌ အမျိုးသား/အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး (၇)မျိုးစုံ(၆)လှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(A)၌ အမျိုးသား/ အမျိုးသမီးကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီးယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊



ရေ၊ လေ) အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(B)၌ အမျိုးသား /အမျိုးသမီးကွာတားအဆင့် ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်(က)တန်း၊ အမျိုးသား ဗန်တိုအတိုက်(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(က)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(ခ) တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသားဓားနှစ်လက်အတိုက်(ခ)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အသက်(၂၅)နှစ်အောက် (၃)ယောက်တွဲ အဖွဲ့လိုက် အုပ်စုပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု အသင်းအား နှစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁)လေ့ကျင့်ရေးကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၇၊ ဗိုလ်တထောင်အကွက်)၊ ဦးပိုင်အမှတ်-၁၂၈၊ ဧရိယာ(၀.၀၅၅)ဧကကျယ်ဝန်းသော ဗိုလ်ကြီးခင်ဦး အမည်ဖြင့် ချထားပေးခဲ့သော မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် ယင်းမြေနှင့်ပတ်သက်သော အရပ်ရပ် အကျိုးခံစားခွင့်များအားလုံးကို လက်ရှိထား ပိုင်ဆိုင်သူ ဦးရန်အောင်[၉/ညဥန(နိုင်)၁၄၄၃၃၅] မှ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်အတူ ပိုင်ဆိုင်ကြောင်း ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးဖြိုးဆွေ[၁၄/သပန(နိုင်)၀၇၃၂၁၆]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၉၁၃၊ ၃၁-၁-၂၀၁၇)**
**အမှတ်(၁၀၁၄)၊ တီကျစ်ဆုံလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်၌

## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၈

ဒေါ်နှင်းပွင့်ဖြူ နှင့် ဦးဘဆင့်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၁၃၆၁)နေ တရားပြိုင် ဦးဘဆင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုဒေါ်နှင်းပွင့်ဖြူက ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်)မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

အမှတ်(၅၈)၊ ၁၃၃-လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်အေးစိန်[၁၂/တမန(နိုင်)၁၃၃၄၅၂]၏ ဖခင်နှင့်မောင်နှမများအားလုံး၏ ဆုံးဖြတ်ချက်အရ မိသားစုသဘောမတူသည့် ကိစ္စရပ်များကို ပြုလုပ်ပြီး မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားသည့် သားဖြစ်သူ မောင်ဘုန်းကျော်ထွန်း[၁၂/တမန(နိုင်)၁၄၆၉၃၀] (ဘ) ဦးဟန်ထွန်းအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**
**လွှဲအပ်ချက်အရ**
**ဦးအောင်နိုင် LL.B, Applied Psy;**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၁၆၅)**
**အမှတ်(၄၂၊ ၄၃)၊ ၃၇-လမ်း၊ ၁-ကွက်၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့။**
**Ph:09-795436434**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၆စီ၊ မြေကွက်အမှတ်-၂၄၉ဟုခေါ်တွင်သော (အလျား၂၅ပေxအနံ၅၀ပေ)၊ ဧရိယာ(၀.၀၂၉)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်-၇၄ ဟုခေါ်တွင်သော တစ်ထပ်ခွဲသစ်သားအိမ်အဆောက်အဦတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဝင်း(ခ)ဦးဟန်စိုး[၁၂/သကတ(နိုင်)၀၃၉၀၃၂]၊ ဒေါ်သန်းဝင်း(ခ)ဝင်နီ[၁၂/သကတ(နိုင်)၀၅၇၄၅၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်သောကြောင့် ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးရန်နိုင် တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၈၄၇)**
**အမှတ်(၆၀၄)၊ ရွှေသံလွင်ကွန်ဒို၊ အေးရိပ်သာ(၂)လမ်း၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၁၅၂၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အလုံလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ Grand Golden View Condo အိမ်ရာစီမံကိန်းရှိ Tower-1၊ အခန်းအမှတ် (6/A-1) ကို ဝယ်ယူထားသူ ဒေါ်ယဉ်မင်းသိန်း[၁၃/တကန(နိုင်)၁၄၀၆၂၄]မှ ၎င်း၏အမည်ဖြင့် ပိုင်ဆိုင်မှုစာအုပ်(Owner Book)ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၂၁)၊ (၄)ရပ်ကွက်၊ (၁၀)လမ်း၊ (၇)ထပ်တိုက်၏ (၆)လွှာ(ညာ)၊ အလျား(၁၂ခွဲ)ပေxအနံ(၅၀)ပေ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရောက်ပိုင်ဆိုင်ခွင့်၊ (BCC)မိတ္တူကိုင်ဆောင်ခွင့်တို့နှင့် အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ရရှိထားသူ ဒေါ်သင်းသင်းကြူ[၁၂/လသန(ပြု)၀၀၀၀၆၅]၊ ဒေါ်စိုးမိုးမြင့်[၁၂/လမတ(နိုင်)၀၃၀၃၉၄]တို့က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် ငွေပေးချေပြီး အဆိုပါတိုက်ခန်းအား လက်ရောက်ရယူမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာထွန်း၊ ကိုဖွဲ့သီဟ**
**အမှတ်(၅၃)၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊လမ်းမတော်မြို့နယ်။**
**ဖုန်း-၀၉-၉၅၂၉၄၆၃၃၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁ .P)၊ မြေကွက်အမှတ် V.၃၇၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ (၁၂၆)လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ PM Bharadwaja အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၈၄/၇၅)၊ (၂၈-၄-၁၉၇၅)အရ ပိုင်ဆိုင်လာသူဒေါက်တာ အင်ဒီဘာရာဝါဂျာ (ကွယ်လွန်)၏ ကျန်ရစ်ပစ္စည်းနှင့်ပတ်သက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-(၆၈/၂၀၀၅)ဖြင့် လျှောက်ထားသူဦးခင်မောင်ဦးက အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၁၈အရ အမွေထိန်း လက်မှတ်စာထုတ်ပေးရန် လျှောက်ထားစွဲဆိုမှုအပေါ် အမွေထိန်းလက်မှတ်စာထုတ်ပေးစေရန်အမိန့်ချမှတ်သည့် (၁၆-၉-၂၀၀၅)ရက်စွဲပါ စီရင်ချက်နှင့်ထုံးပုံကျအပြီးသတ်အမိန့် စီမံခန့်ခွဲခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် စီမံခန့်ခွဲခွင့်ပြုကြောင်း အမိန့်ချမှတ်သည့် (၂-၅-၂၀၀၆)ရက်စွဲပါ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်တို့အရ စီမံခန့်ခွဲခွင့်ရသူ ဦးခင်မောင်ဦး[၁၂/မဂတ(နိုင်)၀၇၅၆၈၈]မှ တရားရုံးအမိန့်၊ အမွေထိန်းလက်မှတ်စာ၊ စီမံခန့်ခွဲခွင့်ပြုကြောင်း တရားရုံးအမိန့်၊ ဒေါက်တာအင်ဒီဘာရာဝါဂျာ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့အား တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

(ဘ)ဦးစိန်ဝင်း၏ သားဖြစ်သူ ဦးမင်းမင်းထိုက်[၁၂/တကန(နိုင်)၁၄၆၅၇၈] နှင့် (ဘ)ဦးစိုးမြင့်၏ သမီးဖြစ်သူ ဒေါ်သူဇာလင်း[၁၂/တကန(နိုင်)၁၄၁၄၇၄]တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး (၃-၁၀-၂၀၂၆)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှကွာရှင်း ပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသက်ခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၂၀၃၇၇)**
**ဖုန်း-၀၉-၇၉၉၃၃၄၁၁၀၊ ၀၉-၄၃၁၁၄၅၄၀**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြို့အုပ်စုကံကော်လမ်း/၁/န(၁၃)လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ (ဒေါ်စောပိုလဲ့ အမျိုးသားမှတ်ပုံတင်အမှတ် - HGU -၀၈၆၁၂၅) အမည်ဖြင့် ချထားပေးသော မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၈၉၃)၊ မြေကွက်အကျယ် (အလျား၄၀'xအနံ၆၀')ရှိ မြေအနက်မှ(မြောက်ဘက်ခြမ်း)၊ (အလျား၂၀'xအနံ၆၀')မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူများဖြစ်သော - ဦးဇင်မောင်ဦး[၅/ပလန(နိုင်)၀၅၇၁၃၃]၊ ဒေါ်သက်လှိုင်ဆွေ[၁၂/သကတ(နိုင်)၁၅၉၄၁၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးတိုးလှိုင်မင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မဉ္ဇူအေးသိန်း (LL.B)** | **ဒေါ်ဝင်းမာဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၂၅၇)** | **အထက်တန်းရှေ့နေ(စဥ်-၅၇၀၂၁)** |

**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**ဖုန်း-၀၉-၅၀၄၁၄၈၃၊ ၀၉-၄၃၀၂၃၃၂၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ အကွက်အမှတ်(၇)၊ ရွာသစ်မြောက်၊ ဦးပိုင်အမှတ်(၁၄၀)၊ ဧရိယာ(၀.၀၇၀)ဧကအနက်မှ(၀.၀၃၅)ဧကရှိ ဘိုးဘပိုင်မြေနေရာအား ဒေါ်နှင်းအိအိခိုင် အမည်သို့ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကြံခင်းမြို့နယ်မြေစာရင်းဦးစီးဌာနသို့ ကျိုးကြောင်းဖော်ပြချက်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ကြံခင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**ကြံခင်းမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ်-င-၅၊ ဦးပိုင်အမှတ်- ၅-က၊ ၁၀၉လမ်း၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးခင်မောင်မြင့် ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၇၄၆/၂၀၀၈)ဖြင့် ဒေါ်မေဦးခိုင်က ဝယ်ယူခဲ့ပြီး၊ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅၇၁/၂၀၁၁)ဖြင့် ဒေါ်တင်ဌေးက ဝယ်ယူခဲ့ပါသည်။ ဇနီး ဒေါ်တင်ဌေး ကွယ်လွန်၍ ကျန်ရစ်သော ခင်ပွန်းဖြစ်သူ ဦးအိုက်ကန်(ခ)စိုင်းအိုက်ကန်[၁/မညန(နိုင်)၀၇၂၆၅၁]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစိုးမြင့်ထွန်း၊ (၁၂/ပဇတ (နိုင်) ၀၃၂၄၅၇) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနောက်- ၁/အနော်မာရပ်ကွက်၊ အနော်မာ (၄) လမ်း၊ အမှတ် (၁၇) ဟုခေါ်တွင်သော (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏မြေညီထပ် (ဝဲ)၊ အလျား ၅၄' × အနံ ၁၂½' ပေ၊ မျက်နှာဝ ၉' အကျယ်အဝန်းရှိ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ခွင့်ရှိပြီး မည်သူ့ကိုမဆို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်အောင် (၁၂/ကတတ (နိုင်) ၀၃၄၅၅၄) က တန်ဖိုးငွေကျပ်သိန်း (၁၉၀၀) ဖြင့် ကျွန်ုပ်၏အမှုသည်အား လွှဲပြောင်းရောင်းချရန် သဘောတူညီပြီးဖြစ်၍ ကျွန်ုပ်အမှုသည်က စရံငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက မိမိတို့၏ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ရက်သတ္တတစ်ပါတ်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးမျိုးညွန့် LL.B, D.B.L (Diploma in Business Law)**
တရားလွှတ်တော်ရှေ့နေ (စဥ် - ၅၂၄၂/၉၀)
ရုံး - အမှတ် (၆၀)၊ အခန်း (၁)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၄၂၀၀၉၆၀၉၀၊ ၀၉ ၇၉၅၁၅၄၃၇၄

## Show Like Application ၏ တာဝန်ရှိသူများနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ်(၂)လမ်း၊ တိုက်အမှတ်(၁၈)နေ ဒေါ်မေရတနာသင်း(ခ)မေရှင်း[၁၄/ပသန(နိုင်)၂၄၀၄၄၁]၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာမှုပြုအပ်သည်မှာ -

၁။ ကျွန်ုပ်တို့၏ အမှုသည်သည် MEI Institute/ Company မှ တရားဝင်ကျင်းပပြုလုပ်သည့် ABNLP (American Board of Neuro-Linguistic Programming) အသိအမှတ်ပြု NLP Training ကို တက်ရောက်ခဲ့ပြီး ABNLP အသိအမှတ်ပြု NLP practitioner, Master practitioner, NLP Trainer အစရှိသည့် Certificate များကို တရားဝင်ရရှိထားသူ တစ်ဦးဖြစ်ကြောင်း၊ NLP Master Trainer နှင့်ပတ်သက်၍ ၂၀၂၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ တရားဝင်တက်ရောက်ယူရန် ဖိတ်ခေါ်စာရရှိထားသူ တစ်ဦးလည်းဖြစ်ပြီး American Board of Neuro-Linguistic Programming မှ တရားဝင်ထုတ်ပေးသည့် NLP Trainer Certificate အား No.N38717 ဖြင့် ရရှိထားသည့်အပြင် Malaysia နှင့် Singapore အခြေစိုက် Billy Kueek International မှ ပေးအပ်သည့် Official Hypnosis Trainer Certificate များကိုလည်း တရားဝင် ရရှိထားကြောင်း နှင့် ယခုလက်ရှိတွင် NLP, Hypnosis, Time Line Therapy Training များနှင့် Coaching လုပ်ငန်းများကို Mind Mastery Academy (MMA)အောက်တွင် ကောင်းသော ဂုဏ်သတင်းဖြင့် တရားဝင်ဆောင်ရွက်သင်ကြားနေသူ တစ်ဦးဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

၂။ လွန်ခဲ့သော ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့ နှင့် (၂၁) ရက်နေ့များတွင် Show Like Application ၏ တာဝန်ရှိသူများမှ ကျွန်ုပ်တို့၏အမှုသည်ထံ စတင်ဆက်သွယ်ခဲ့ပြီး Show Like Project အနေဖြင့် Mental Health / Psychology / Coaching ကိုအခြေခံ၍ အများပြည်သူအား အသိပညာဗဟုသုတပေးရန် ရည်ရွယ်သည့် Reality Show Project အားဆောင်ရွက်မည်ဖြစ်ကြောင်း၊ Application တွင် အဓိကပြသမည့် Project ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့အမှုသည် ဆောင်ရွက်လုပ်ကိုင်နေသည့် ပညာရပ်ပိုင်းဆိုင်ရာများကို ဗဟုသုတရစေရန်အလို့ငှာ ပညာပေးအစီအစဉ်ဖြင့် အသုံးချမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြ၍ ကျွန်ုပ်တို့၏ အမှုသည်အား အခမဲ့ပါဝင်ကူညီဆောင်ရွက်ပေးရန်ကမ်းလှမ်းခဲ့ပြီး ကျွန်ုပ်တို့၏ အမှုသည်ဘက်မှ အများပြည်သူသို့ အသိပညာဗဟုသုတပေးနိုင်မည့် Project အဖြစ်နားလည်ကာ မည်သည့်အတတ်ပညာကြေးကိုမှ တောင်းခံခြင်းအလျဉ်းမရှိဘဲ ကိုယ်ကျွမ်းကျင်သည့် ပညာရပ်ဖြင့် အခမဲ့ကူညီဆောင်ရွက်ပေးရန် လက်ခံခဲ့ခြင်းဖြစ်ကြောင်း ညွှန်ကြားပြောဆိုချက်အရ သိရှိခဲ့ရပါသည်။

၃။ ကျွန်ုပ်တို့၏အမှုသည် သည် အနုပညာရှင်တစ်ဦးမဟုတ်သည့်အတွက် ထိုသို့ကူညီဆောင်ရွက်ပေးရန် လက်ခံခဲ့ရာတွင် Coaching Process နှင့် ပတ်သက်၍ နည်းပြနှင့် ပါဝင်သူများ၏ အမှန်တကယ်ပြောဆိုသည့် အပြန်အလှန်ဆက်ဆံမှု ကို ရိုက်ကူးထားမည့်အစီအစဉ်ဖြစ်ကြောင်း နားလည်သည့်အတွက်ကြောင့်လည်း ကောင်း၊ ပါဝင်သူများ၏ စိတ်ပိုင်းဆိုင်ရာအကြောင်းအရာများကို ရိုက်ကူးခွင့်နှင့်ပြသခွင့်ကို အပြည့်အဝသိရှိလက်ခံနားလည်သည့်အတွက်ကြောင့်လည်းကောင်း ကူညီဆောင်ရွက်ပေးရန် လက်ခံခဲ့ခြင်းဖြစ်ပြီး ပါဝင်သူများအနေဖြင့် ကြိုတင်လုပ်ဆောင်ရန်လိုအပ်သည့် Exercise၊ Instruction များနှင့် ကျွန်ုပ်တို့ အမှုသည်၏ အသက်မွေးဝမ်းကျောင်းပြုသည့် လုပ်ငန်းနှင့်ပတ်သက်၍ အထင်မြင်လွဲမှားမှုမဖြစ်ပေါ်စေရန် Official Trainer Profile ကို Show Like ၏ တာဝန်ရှိသူများထံ ပို့ပေးခဲ့ကြောင်း ညွှန်ကြားပြောဆိုချက်နှင့်အထောက်အထား မှတ်တမ်းများအရသိရှိခဲ့ရပါသည်။

၄။ ကျွန်ုပ်တို့၏အမှုသည်ဘက်မှ ပေးပို့ထားခဲ့သည့် Official Trainer Profile အား Show Like ၏ တာဝန်ရှိသူများမှ သိရှိထားပြီးဖြစ်သော်လည်း အမှန်တကယ် ရိုက်ကူးသည့် နေ့ရက်တွင် မူလစီစဉ်ထားသည့် Coaching Process အတွက် လုံလောက်သောအချိန်နှင့် ပတ်ဝန်းကျင်မရရှိခဲ့ခြင်း၊ Coaching Process တွင် ပါဝင်သူများမှာလည်း ကြိုတင်ပေးပို့ထားသည့် Exercise များအား သတ်မှတ်ထားသည့်အတိုင်း လုပ်ဆောင်လာခြင်းမရှိသည့်အတွက် ပါဝင်သူများ အနေဖြင့် ဇာတ်ကောင်စရိုက်အတိုင်း ပြုမူဆောင်ရွက်သည့် အခြေအနေများရှိခြင်းတို့ကြောင့် မူလ Coaching Process အတိုင်းဆက်လက်လုပ်ဆောင်၍မရတော့ကြောင်းနှင့် မူလပြင်ဆင်ထားသည့် Coaching Process နှင့် ရိုက်ကူးရာတွင်ဖြစ်ပေါ်ခဲ့သည့် လွဲမှားမှုများအပေါ်တွင် ပြည့်စုံမှုမရှိဘဲ မတင်ဆက်သင့်ကြောင်း ကြိုတင်ရှင်းလင်းပြောကြားခဲ့သော်လည်း Show Like ၏ တာဝန်ရှိသူများမှ ကျွန်ုပ်တို့၏အမှုသည် သိရှိခြင်း၊ ခွင့်ပြုခြင်းတစ်စုံတစ်ရာမပါရှိဘဲ ကျွန်ုပ်တို့၏ အမှုသည်ပါဝင်သော ပြည့်စုံမှုမရှိသည့်အပိုင်း တစ်ခုကို သီးခြားဖြတ်တောက်၍ Highlight အဖြစ်တင်ဆက်ခဲ့သည့်အတွက် ကျွန်ုပ်တို့၏အမှုသည် ဆောင်ရွက်လုပ်ကိုင်နေသည့် ပညာရပ်ပိုင်းဆိုင်ရာလုပ်ငန်းနှင့်ပတ်သက်ပြီး အများပြည်သူများအကြားတွင် နားလည်မှုလွဲမှားခြင်းများဖြစ်ပေါ်ခဲ့သည့်အတွက် ကျွန်ုပ်တို့၏အမှုသည်တွင် လူပုဂ္ဂိုလ်ဂုဏ်သိက္ခာ၊ လုပ်ငန်းဂုဏ်သိက္ခာများထိခိုက်၍ များစွာနစ်နာခဲ့ရကြောင်း ညွှန်ကြား ပြောဆိုမှုနှင့် အထောက်အထားမှတ်တမ်းများအရ သိရှိခဲ့ရပါသည်။

၅။ ထို့အတွက်ကြောင့် Show Like ၏ တာဝန်ရှိသူများမှ ပြည့်စုံမှုမရှိသည့်အပိုင်းတစ်ခုကို သီးခြားဖြတ်တောက်၍ တင်ဆက်ခဲ့သည့်အတွက် ကျွန်ုပ်တို့၏ အမှုသည်တွင် ထိခိုက်နစ်နာခဲ့ရမှုများနှင့်ပတ်သက်ပြီး တာဝန်ယူဖြေရှင်းပေးပါမည်ဟု ပြောကြားထားသည့်ကတိအတိုင်း ပြသခဲ့သည့် Video Clip တစ်ခုတည်းသည် ကျွန်ုပ်တို့အမှုသည်၏ အသက်မွေးဝမ်းကျောင်းပြုသည့် လုပ်ငန်းတစ်ခုလုံးကို ကိုယ်စားမပြုကြောင်း၊ ပြသခဲ့သည့် Video Clip ၏ မပြည့်စုံသည့်အကြောင်းအရာသည် မည်သည့်အဆင့်တွင် မည်သူ၏ ဆောင်ရွက်ခဲ့မှုကြောင့် အများပြည်သူများအကြားတွင် ပေါ်ထွက်လာခဲ့ရခြင်းဖြစ်ကြောင်း တိတိကျကျရှင်းလင်းပြီး နောင်တွင် ကျွန်ုပ်တို့အမှုသည်၏အမည်၊ ပညာရပ်ပိုင်းဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကြောင်းအရာပြည့်စုံမှုမရှိဘဲ ဖြတ်တောက်တင်ဆက်၍ အများပြည်သူများအကြားတွင် နားလည်မှုလွဲမှားစေနိုင်သည့် ပုံစံမျိုး ဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏အမှုသည်တွင် လူပုဂ္ဂိုလ်ဂုဏ်သိက္ခာ၊ လုပ်ငန်းဂုဏ်သိက္ခာ ထိခိုက်နစ်နာခဲ့ရမှုများနှင့်ပတ်သက်ပြီး ဤကြေညာချက်ပါရှိသည့် နေ့ရက်မှစတင်၍ (၇)ရက်အတွင်း တရားဝင်တောင်းပန်မှုပြုလုပ်ပေးပါရန်နှင့် ပျက်ကွက်ခဲ့ပါက ကျွန်ုပ်တို့ အမှုသည်၏ ထိခိုက်နစ်နာခဲ့ရသမျှကို ဥပဒေနှင့်အညီ အရေးဆိုတောင်းဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာမှုပြုအပ်ပါသည်။

ထို့အပြင် Show Like မှပြသခဲ့သည့် ကျွန်ုပ်တို့၏ အမှုသည်ပါဝင်သော Video Clip နှင့်ပတ်သက်၍ အကြောင်းအရာအမှန်အား ပြည့်စုံစွာသိရှိခြင်းမရှိဘဲ ကျွန်ုပ်တို့အမှုသည်၏ ပညာရပ်ပိုင်းဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ်တွင် ထိခိုက်နစ်နာစေရန်ရည်ရွယ်ချက်ဖြင့် Social Media များတွင် Post တင်ခြင်း၊ Comment ပေးခြင်း၊ Share ခြင်းများအား မပြုလုပ်ပါရန်နှင့် ထိုသို့ ပြုလုပ်ခဲ့ပါက ပြုလုပ်သူမည်သူ့ကိုမဆို တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာမှုပြုအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးအောင်ပြည့်ဖြိုးလွင် (LL.B)** | **ဦးသန်းထိုက်အောင် (LL.B, LL.M)** | **ဦးပြည့်ဖြိုးကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၄၄၁)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၅၇၇)** | **အထက်တန်းရှေ့နေ(စဥ်-၅၄၅၂၇)** |

**အမှတ်(၈၄)၊ (၃-လွှာ)၊ (၃၈)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၁၀၃၂၅၄၀၊ ၀၉-၇၉၆၆၄၉၉၈၁၊ ၀၉-၄၄၁၅၆၁၂၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၇) မြေကွက်အမှတ်(၂၃၇)၊ မြေအကျယ် အဝန်း (၄၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ အရာခံဗိုလ်မောင်စိုး [၁၂/ဒဂန (နိုင်) ၀၁၁၉၉၈] အမည်ပေါက် ပါမစ်**မြေကွက်အဖြစ် တည်ရှိပြီး ယခုရောင်းချသူ **ဦးလွှမ်းမိုးဝင်း [၉/မခန (နိုင်) ၁၇၃၉၁၀]**မှ **စာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင်** တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် **အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ** ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးချမ်းမွန် (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၄၇)**
**အခန်း (၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၀၂၅၈၉၈၂၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၅၄၊ မြေကွက်အမှတ်– ၅၂၄/ခ၊ မြေကွက်တည်နေရာအမှတ်– ၅၂၄/ခ၊ ဇေယျာမြိုင်လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးမောင်ညွှန့် [၁၂/ရကန(နိုင်) ၀၃၃၂၂၆] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်ညွှန့် ဖခင်ဖြစ်သူသည် (၉–၉–၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်အုန်းသည် (၁၆–၁၀–၂၀၀၆)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ သားသမီး (၇)ဦးဖြစ်သူ (၁) ဒေါ်ထွန်းရီ၊ (၂)ဒေါ်သန်းသန်းညွှန့်၊ (၃) ဒေါ်ခင်လှဝေ၊ (၄) ဒေါ်ခင်မိုးမိုး၊ (၅) ဦးနေဝင်း၊ (၆) ဦးလှညွှန့်၊ (၇) ဦးမောင်မောင်စိုးတို့ဖြစ်ကြပြီး အခြားသော သားသမီး တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိပါကြောင်း မွေးချင်း (၇)ဦးအနက် တစ်ဦးဖြစ်သူ ဦးလှညွှန့်သည် (၂၁–၆–၂၀၁၉)ရက်နေ့တွင် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့ပြီးနောက် မွေးချင်းတစ်ဦးဖြစ်သူ ဦးမောင်မောင်စိုးသည် (၃၀–၁၀–၂၀၂၅)ရက်နေ့တွင် ကွယ်လွန်ပြီးနောက် ဇနီး ဒေါ်တင်တင်ဦးမှလွဲ၍ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အထက်ပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူသားသမီး (၅)ဦးဖြစ်သူ (၁)ဒေါ်ထွန်းရီ [၁၂/ရကန(နိုင်)၀၃၄၂၈၁]၊ (၂)ဒေါ်သန်းသန်းညွှန့် [၁၂/ဒဂတ(နိုင်)၀၃၆၆၉၈]၊ ဒေါ်ခင်လှဝေ[၁၂/ရကန(နိုင်) ၀၃၃၂၅၀]၊ (၄)ဒေါ်ခင်မိုးမိုး [၁၂/ရကန(နိုင်)၀၃၃၂၂၅]၊ (၅) ဦးနေဝင်း [၁၂/ဒဂတ(နိုင်)၀၃၇၆၀၅] နှင့် ချွေးမဖြစ်သူ (၆) ဒေါ်တင်တင်ဦး [၁၂/ရကန(နိုင်) ၀၃၃၂၂၄]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီးများနှင့် ချွေးမဖြစ်သူတို့မှ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ၊ မိမိတို့ (၆)ဦးမှ လွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်– ၂၅၅၃/ ၂၀၂၆ (၅–၃–၂၀၂၆)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ မိခင်၊ ဖခင် သေစာရင်း၊ ဦးလှညွှန့်သေစာရင်း၊ ဦးမောင်မောင်စိုး သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေချပါမစ်မူရင်း၊ ဘဏ်ချေးငွေ ပေးဆပ်ပြီးကြောင်း ထောက်ခံချက်နှင့် ဘဏ်ချလန်မူရင်းများလည်း မတွေ့ရှိပါသောကြောင့် အဆိုပါကိစ္စရပ်အား မိမိတို့အနေဖြင့် မသိရှိပါကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်– ၁၀၀၀/၂၀၂၆ (၁၄–၇–၂၀၂၆)၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတို့တင်ပြ၍ မြေချပါမစ်နှင့် ဂရန်လဲလှယ်ခွင့်ပြုပါရန် ဝင်စာဖြင့် လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်ပျဉ်ထောင်အဆောက်အဦ (၁)လုံးရှိ လျှောက်ထားသူ ကိုယ်တိုင်နေထိုင်ပြီး ဒေါ်ခင်မိုးမိုး၊ ဒေါ်သန်းသန်းညွှန့်၊ ဦးနေဝင်း၊ ဒေါ်ခင်လှဝေတို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ထွန်းရီ + ၅ တို့၏ မြေချပါမစ်နှင့် ဂရန်လဲလှယ်ခွင့်ပြုပါရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်–၈၁၇၊ ဦးပိုင်အမှတ်– ၈–ခ/ ၆၂x၆၃ ကြား၊ ၃၁x၃၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းအောင်[၅/စကန(နိုင်)၁၄၈၃၂၈]၊ ဒေါ်စုစုခိုင် [၉/လဝန(နိုင်) ၁၂၀၆၄၁]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်–၅၈၁၊ ဦးပိုင်အမှတ်–၂၆–မ ခဲစင်း အနောက်ခြမ်း၊ ၃၀x၃၁ ကြား၊ ၈၁x၈၂ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးကွန်းဝေထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၁၁၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဌေးဌေးမြင့် [၉/မရမ(နိုင်)၀၆၄၁၅၇]က အမည်ပေါက် မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ မေတ္တာရှင်လမ်း၊ အမှတ် (၇၄၃)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆)လွှာ (ခေါင်းရင်း/ဝဲ)၊ (၁၇ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဦးဝင်းနိုင် [၁၂/ဥကမ(နိုင်) ၂၆၃၀၁၁]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသော်ဇင်မင်းထိုက် [၁၂/ဒလန(နိုင်) ၀၆၉၆၆၉]နှင့် ဦးဟိန်းမြင့်မြတ်ဇော် [၁၂/ဒလန(နိုင်) ၀၇၄၄၉၄] တို့က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသော်ဇင်မင်းထိုက်နှင့် ဦးဟိန်းမြင့်မြတ်ဇော် တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်– ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၀၊မြေကွက်အမှတ်–၇၇၈၊ဧရိယာ(၀.၀၅၅)ဧက၊မြေကွက်တည်နေရာအမှတ်(၇၇၈)၊မြတ်လေးလမ်း၊သမ္မတကမ်းခြေရပ်ကွက်၊ဒလမြို့နယ်၊ဦးဦးသွင်(၁၂/ဥကမ(နိုင်)၀၁၂၁၆၆)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်(ခင်ပွန်း)ကွယ်လွန်သဖြင့်တရားဝင်အမွေဆက်ခံခွင့်ရှိသောတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊သေဆုံးမှုလက်မှတ်မူရင်း၊အိမ်ထောင်စုလူဦးရေစာရင်းနှင့်နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ဒေါ်မိုးစန္ဒာဆွေ(၁၂/အလန(နိုင်)၀၂၆၃၅၃)ကအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၅၊မြေကွက်အမှတ်–၃၇၀/ခ၊ဧရိယာ(၀.၀၂၇၅)ဧက၊မြေကွက်တည်နေရာအမှတ်(၃၇၀/ခ)၊ကျော်ထင်အနော်ရထာလမ်း၊ရာဇသင်္ကြန်ရပ်ကွက်၊ဒလမြို့နယ်၊ဦးဦးသွင်(၁၂/ဥကမ(နိုင်)၀၁၂၁၆၆)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်(ခင်ပွန်း)ကွယ်လွန်သဖြင့်တရားဝင်အမွေဆက်ခံခွင့်ရှိသောတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊သေဆုံးမှုလက်မှတ်မူရင်း၊အိမ်ထောင်စုလူဦးရေစာရင်းနှင့်နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ဒေါ်မိုးစန္ဒာဆွေ(၁၂/အလန(နိုင်)၀၂၆၃၅၃)ကအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်– ၃၁၆၊ ၃၁၇၊ ဦးပိုင်အမှတ်–၁၆–ဃ+၂၀–ခ/၂၈x၂၉ လမ်းကြား၊ အောက်ကမ်းနားလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့်မော် [၉/မနတ(နိုင်) ၀၂၉၇၉၅]၊ ဒေါ်နီနီဝင်း [၉/မနတ (နိုင်) ၀၀၂၉၇၁]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၂ ရပ်ကွက်၊ အကွက်အမှတ်–ဆ–၂၊ ဦးပိုင်အမှတ်– ၁၆၉–က/ ၇၀x၇၁ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းမြင့်လှိုင် [၉/မရမ(နိုင်)၀၈၅၆၁၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်–ငင–၄၊ ဦးပိုင်အမှတ်– ၅၇–က/၅၆x၅၇ကြား၊ ၁၀၄x၁၀၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်ဦး [၉/မရတ(နိုင်)၀၆၂၆၇၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အ.ထ.က၊ (နတ်ကြီးချောင်) ကျောင်း၊ Grade–9 မှ မဖြူဇင်ဦးနှင့် Grade–5 မှ မောင်အောင်ဖြိုးပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမွတ္တူး [၁၀/ပမန (ပြု) ၀၀၄၅၈၄]ဖြစ်ပါကြောင်း။

**ဦးမွတ္တူး**
**[၁၀/ပမန (ပြု) ၀၀၄၅၈၄]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်– ယ–၃၊ ဦးပိုင်အမှတ်– ၁၁၇ ခဲစင်း မြောက်ခြမ်း/ ၇၁လမ်းပေါ်၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဦးသိန်းဆွေ အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်အိသူသူမင်းက တရားပြိုင် ဦးသိန်းဆွေ အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၃၂/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အိသူသူမင်း [၉/ခအဇ(နိုင်) ၀၀၉၈၉၀]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်– ပပ–၁၉၊ ဦးပိုင်အမှတ်– ၄၂၊ ၆၃x၆၄ ကြား၊ ၁၃၅x၁၃၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရှိန် [၉/မနမ(နိုင်) ၀၄၉၄၀၆] (AE–၀၀၈၇၃၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၄၃၄/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်မြင့်မော် [၅/တဆန (နိုင်) ၀၉၄၅၅၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်– လလ–၇၆၊ ဦးပိုင်အမှတ်– ၈၁/၄၆x၄၇ လမ်းကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးပြုံး [၅/ငဇန(နိုင်) ၀၅၅၁၉၀]၊ NZN–၀၅၆၅၅၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၀၄၁/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဇာနည်အောင် [၉/မနမ (နိုင်) ၁၁၉၁၈၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့ CB Bank (PCL) Consumer Banking Office Dept; အကြီးတန်းဒုတိယအထွေထွေမန်နေဂျာ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

CB Bank (PCL) ကျောက်ဖြူဘဏ်ခွဲတွင် ငွေစာရင်း(AC No. 0085 6009 0000 8168) ဖွင့်လှစ်ခဲ့သော (ကွယ်လွန်သူ ဦးဇော်မင်းလွင်)သည် ၂၀၁၆ ခုနှစ်မှစ၍ ကိုရီးယားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး (၅–၆–၂၀၂၆)ရက်နေ့တွင် ကိုရီးယားနိုင်ငံ ၊ ကက်သလစ်တက္ကသိုလ် အင်းချွန်းဆွန်းမိုဆေးရုံ၊ အင်းချွန်း၊ ဘူဖြောင်းဂူ ဒုန်သူရို ၅၆ တွင် ဘာကစ်လင်ဖိုးမားကင်ဆာဖြင့် ကွယ်လွန်သွားသည့်အတွက် (ကွယ်လွန်သူ)၏ CB Bank (PCL) ကျောက်ဖြူဘဏ်ခွဲ ငွေစာရင်းမှ လက်ကျန်ငွေများကို ထုတ်ယူခွင့်ပြုရန် ညီဖြစ်သူ ဦးထက်မင်းဇော် [၁၁/ကဖန (နိုင်) ၁၂၄၇၅၄]၏ လျှောက်ထားချက်အပေါ် သက်ဆိုင်သူများသည် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတို့ ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဘဏ်၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**CB Bank (PCL) Consumer Banking Office Dept;**
**အကြီးတန်းဒုတိယအထွေထွေမန်နေဂျာ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စန္ဒာဝင်း LL.B** | **ဒေါ်စိုးစိုး LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၄၆၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၁၉၃)** |

**အမှတ်– ၄၈၊ ၄ဝါလမ်း၊ ၂၄–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၀၀၈၀၃၃၂၊ ၀၉–၄၂၁၀၄၃၆၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ ဗိုလ်ရန်ပြေ၊ မြေကွက်အမှတ် (၁၂၂၁)၊ အတိုင်းအတာ (၄၀'x၆၀')၊ မြေကွက်တည်နေရာ အမှတ်(၁၂၂၁)၊ ဗိုလ်ဥတ္တမလမ်း၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့နယ်၊ ဦးရန်မျိုးအောင်သိန်း (SBO– ၁၄၁၆၅၁) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဦးရန်မျိုးအောင်သိန်း [၁၂/ဒဂန(နိုင်) ၀၀၇၄၆၆] (SBO– ၁၄၁၆၅၁)က မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသော ၁၄–၆–၁၉၉၁ ရက်စွဲပါ ဦးရန်မျိုးအောင်သိန်း (SBO– ၁၄၁၆၅၁) အမည်ပေါက် မြေချပါမစ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)တို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ် ဂရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ရန်ကုန်မြို့တွင် ချေးငွေရယူခဲ့ပြီးနောက် ၁၈–၇–၂၀၀၅ ရက်နေ့တွင် အတိုးအရင်းများ အပြေအကျေပေးဆပ်ပြီး ဘဏ်ပြေစာမူရင်းနှင့် ဘဏ်ထောက်ခံစာမူရင်းများမှာ ဝန်ထမ်းဘဝ အိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားပါကြောင်း ရှင်းလင်းတင်ပြလာပါသည်။ အထက်ပါ လျှောက်ထားခြင်းနှင့် ပတ်သက်၍ စိစစ်ရာ အခွန်ခွဲဝေစည်းကြပ်မှုမှတ်ပုံစာရင်း (Assessment Roll) တွင် အမည်ပေါက် ဦးရန်မျိုးအောင်သိန်းဖြင့် မှတ်သားထားသည့်အပြင် မြို့မြေစာရင်း (Town Land Roll)တွင် အမည်ပေါက် ဦးရန်မျိုးအောင်သိန်း (SBO – ၁၄၁၆၅၁)ဖြင့် ၁၇–၆–၁၉၉၈ မှစ၍ နှစ်(၆၀) ဂရန်ထွက်ရှိကြောင်း မှတ်သားထားပြီး အဆိုပါ ဂရန်မူရင်းသည် ဤဌာနမှ ဦးရန်မျိုးအောင်သိန်းသို့ ထုတ်ပေးရခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရသဖြင့် လျှောက်ထားမှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်မူရင်းနှင့် ဌာနရှိ ဂရန်မူရင်း လဲလှယ်ပေးမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြ မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ နတ်မောက်လမ်း၊ အိမ်အမှတ် (၄၆၀/ခ)နေ အမိဒေါ်စန်းစန်းမြင့်၏ သားဖြစ်သူ မောင်ပိုင်ပိုင်[၁၂/လသယ(နိုင်) ၀၉၄၇၉၂]သည် မိခင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ နေအိမ်မှထွက်သွားသည်မှာ ကြာပြီဖြစ်၍ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်စန်းစန်းမြင့် [၁၂/ဥကမ(နိုင်)၂၀၅၁၀၈]**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၈–၉–၂၀၂၆) ကြေးမုံသတင်းစာပါ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာ၌ အင်းဝလမ်းဟု ဖော်ပြမိသဖြင့် [အင်းဝ (၆)လမ်း၊ တောင်ဥက္ကလာပမြို့နယ်]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်စိန်စိန်မြင့် [၁၂/မရက (နိုင်) ၁၇၅၀၃၅]**
**၀၉–၄၂၁၀၂၉၆၄၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်– ၂ ရပ်ကွက်၊ အကွက်အမှတ်– ဆ–၂၊ ဦးပိုင်အမှတ်– ၁၅၅ ခဲစင်း တောင်ခြမ်း၊ မြောက်ခြမ်း/ ၇၀x၇၂ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းလှိုင် [၉/မရတ(နိုင်)၀၃၀၃၂၁]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်– ငင–၄၊ ဦးပိုင်အမှတ်– ၄၅–ခ/၁၀၄A လမ်းနှင့် ၅၆A လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လုံထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၂၇၃၄/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးမိုးသူကျော် [၉/မရမ(နိုင်)၀၆၀၀၇၇]၊ ဒေါ်လှလှသန်း[၉/မရမ(နိုင်)၀၆၅၃၅၂]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ အမှတ်(၁)စက်၏ Excitation System အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် တင်ဒါအမှတ်၊ 40(T)/ EPGE(REHP)/2026–2027 (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ဆိုလိုပါသည်။

၂။ ခေါ်ဆိုသည့်တင်ဒါ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီနောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်–

| | | | |
|---|---|---|---|
| (က) | တင်ဒါစတင်ရောင်းချမည့်ရက် | – | (၇–၁၀–၂၀၂၆)ရက်မှ (၄–၁၁–၂၀၂၆)ရက်အထိ |
| (ခ) | တင်ဒါပိတ်ရက်နှင့်အချိန် | – | (၅–၁၁–၂၀၂၆) ရက်နေ့၊ (၁၃:၀၀)နာရီ |
| (ဂ) | တင်ဒါရောင်းချမည့်နေရာနှင့် တင်ဒါလက်ခံမည့်နေရာ | – | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အစည်းအဝေးခန်းမ၊ နေပြည်တော် |

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web–Portal (**www.moee.gov.mm**)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**(ဖုန်း– ၀၉–၄၄၈၅၃၃၈၉၄)**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဓေယျာသီရိလမ်း၊ အမှတ် (၄၉)၊ (၃ လွှာ/အေ)၊ အကျယ်အဝန်း (၁၂ ၁/၂ ပေx ၅၅ပေ) ရှိသော ရေ၊ မီးအစုံပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေမီဝင်း[၁၄/ကခန(နိုင်) ၀၉၀၀၁၄]မှာ (၅–၁၀–၂၀၂၆) ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေမီဝင်းမှ အဆိုပါတိုက်ခန်းအပေါ် ပိုင်ဆိုင်စီမံဆောင်ရွက်ခွင့်အပြည့်အဝရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေမီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်သူရဖိုလ် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၈၉၃)**
**အမှတ် (၉၆/၉၈)၊ ၅–B၊ ဂန္ဓမာကံမြင့်ကွန်ဒို၊ ၃၇–လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၀၈၇၀၃၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာအနောက်ပိုင်း၊ ကုလားကြီးစုကျေးရွာအုပ်စု၊ ကံလှကျေးရွာ၊ ကံသာယာ(၁)လမ်း၊ အမှတ်မရှိဟုခေါ်တွင်သော အလျား(၂၀)ပေx အနံ(၆၀)ပေ အကျယ်အဝန်းရှိ ရွာမြေအမျိုးအစားမြေနှင့် မြေပေါ်တွင်တည်ရှိနေသော နေအိမ်အဆောက်အဦနှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးကနေဆာ [၁၂/သလန(ပြု)၀၀၄၈၁၇]ထံမှ ဒေါ်နန့်မြမြစန်း [၁၄/ကပန(နိုင်)၁၅၇၃၁၄]က လက်ရောက်ဝယ်ယူ၍ ပိုင်ဆိုင်နေထိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အဦတို့အား ဒေါ်နန့်မြမြစန်း၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဓေယျာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၅၃၂)**
**အမှတ်– ၈၂၄/က၊ တတိယထပ်၊ ဓမ္မာရုံလမ်း၊**
**၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၇၆၅၁၁၅၁၀၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၉၅

| | | |
|---|---|---|
| ၁။ ဒေါ်ဂျူးဂျူးသစ္စာ | နှင့် | ၁။ ဦးမောင်မောင်စီ |
| ၂။ နန်းဆုလင်းမွန် | | ၂။ ဦးသန်းထွန်း |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅)ရပ်ကွက်၊ သီရိမင်္ဂလာပတ်လမ်း၊ အမှတ် (၁၂)နေ (၁)တရားပြိုင် ဦးမောင်မောင်စီနှင့် (၂)တရားပြိုင် ဦးသန်းထွန်း (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။**

သင့်အပေါ်၌ **တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုကြောင်း**နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက် (၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်)**နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ် တုပပြုလုပ်မှုအပေါ်
## သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း (၂၀)၊ အမှတ် (၁၄၈)တွင် နေထိုင်သော ဦးကျော်ဝင်းနိုင် [၉/မထလ(နိုင်) ၁၉၀၉၁၅]က "New ကျော်ဟန်"အဆင့်မြင့်ကော်၊ ရေကော်၊ အဆီထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းလုပ်ငန်းကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၆–၁–၂၀၂၆)ရက်စွဲပါ မှတ်ပုံတင်အမှတ် (၄/၁၁၅၇၀)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ (၁၄–၁–၂၀၂၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

အထက်ကြေညာပါ ကုန်ပစ္စည်းအမှတ်တံဆိပ်ကို တုပခြင်း၊ ဆင်တူယိုးမှားပြုလုပ်ကာ ထုတ်ကုန်တူပစ္စည်းကို ရောင်းဝယ်ဖြန့်ဖြူးခြင်းများ မပြုလုပ်ကြပါရန်နှင့် တုပခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း၊ (၁၄–၁–၂၀၂၆)ရက်ထုတ် အထက်ပါကြေးမုံသတင်းစာတွင်ပင် အသိပေးကြေညာပြီးဖြစ်သော်လည်း ယခုအခါ ကိုဝင်းနိုင်၊ မူလလက်ဟောင်းဟု မိမိ၏ထုတ်ကုန်ကုန်ပစ္စည်းအမှတ်တံဆိပ်တုပပြုလုပ်၍ မိမိ၏အမှုသည် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် "ကော်"လုပ်ငန်းအပေါ် မတော်လောဘစိတ်ဖြင့် တုပနေခြင်းအပေါ် ရပ်ဆိုင်းပါရန်တောင်းဆိုလိုက်ပါသည်။ မရပ်ဆိုင်းဘဲ ဆက်လက်ကျူးလွန်နေပါက ဥပဒေအတိုင်း တရားတစ်ထုံးဖွဲ့ဆို၍ အရေးယူမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးတင်အောင်ကြည် တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၁၃၁/၂၀၁၇)**
**အမှတ်– ၂၆၅၊ ယုဇနလမ်း၊ ဗိုးကုန်းရွာ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၇၁၄၃၃၄၁၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၇၇

| | | |
|---|---|---|
| ၁။ ဒေါ်သန်းသန်းဝင်း<br>၂။ ဦးမျိုးဇော်သူ | နှင့် | ဒေါ်စိန် |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ်– ၇၉၂ နေ တရားပြိုင်ဒေါ်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ (၁)တရားလို ဒေါ်သန်းသန်းဝင်းနှင့် (၂)တရားလို ဦးမျိုးဇော်သူတို့က "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (၁၃၈၈ ခု ၊ သီတင်းကျွတ်လဆန်း ၅ ရက်)** မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## Green Urban Ventures Development Company Limited နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသက်ပိုင်စိုး [၁၂/မရက (နိုင်) ၁၅၅၆၆၈]နှင့် ဒေါ်ပေဟမာအောင် [၅/မရန(နိုင်)၂၃၆၁၉၇]တို့သည် The Park Project ရောင်းချသူ Green Urban Ventures Development Co.,Ltd မှ Foundation အဆင့်လည်း စတင်ဆောင်ရွက်နေပြီး (၃၁–၁၀–၂၀၂၆)တွင် Handover အခန်းအား လက်ရောက်လွှဲအပ်မည်ဟု အဆိုပြု ကမ်းလှမ်းကတိပြုကာ ရောင်းချခဲ့သည်ကို ယုံကြည်ကာ (Residential Unit) အဆင့်ရှိ (Terrace–3)၊ Level (6)၊ Unit (E) ကွန်ဒိုအခန်းအား ရောင်းချသူ Developer ဘက်မှ သတ်မှတ်ထားသည့် တန်ဖိုး အတိုင်း ဝယ်ယူခဲ့ရာ ရောင်းဖိုးငွေများအား ပေးသွင်းနေခဲ့သည်မှာ (၅၀%)နီးပါးခန့် ပေးချေခဲ့ပြီးဖြစ်သော်လည်း Green Urban Ventures Development Co., Ltd ဘက်မှ ရောင်းချပြီး (၁)နှစ်ကျော်ကြာမြင့်နေသည့်တိုင်အောင် ယခုအချိန်ထိ Foundation ပင် စတင်ဆောက်လုပ်နိုင်ခြင်းမရှိသေးဘဲ ကြန့်ကြာနေပါသည်။ ဝယ်ယူသူဘက်မှ ပေးသွင်းထားသည့်ရောင်းဖိုးငွေ ရာခိုင်နှုန်းနှင့်အညီ ရောင်းချသူ Developer ဘက်မှ တာဝန်ရှိသည့်အတိုင်း အဆောက်အဦဆောက်လုပ်နိုင်ခြင်းမရှိပါဘဲ ကတိပျက်ကွက်နေပါသော်လည်း ဝယ်ယူသူထံသို့ ငွေကြေးများကိုသာ ကောက်ခံနေပါသဖြင့် ကုမ္ပဏီ၏တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စေ့စပ်ညှိနှိုင်းခဲ့သော်လည်း ရောင်းချထားသည့် ကွန်ဒိုအခန်းအား မည်သည့်အချိန်တွင် လက်ရောက်အပ်နှံနိုင်မည်ဖြစ်ကြောင်းအား တိကျစွာ ကတိပြုနိုင်ခြင်းမရှိပါဘဲ ရေရာသေချာခြင်းမရှိပါသော အကြောင်းပြချက်များသာပေးပြီး ကတိပျက်ကွက်နေလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေဘက်မှ ရောင်းဖိုးငွေများပေးသွင်းကာ အခန်းပိုင်ရှင်အနေဖြင့် ယခုအချိန်ထိ ဝယ်ယူပိုင်ဆိုင်မှု တည်ရှိလျက်ရှိနေပါသော အထက်ဖော်ပြပါ ကွန်ဒိုအခန်းအား ကျွန်ုပ်မိတ်ဆွေ၏ သိရှိသဘောတူညီချက်မရှိပါဘဲ မျက်ကွယ်၌ သွင်းထားသည့်ရောင်းဖိုးငွေများအား ဆုံးပြီဖြစ်ကြောင်းကြော်ငြာကာ တစ်ဖက်သတ် စာချုပ်ဖျက်သိမ်းခြင်း၊ ထပ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းတို့အား Green Urban Ventures Development Co.,Ltd ဘက်မှလည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မှသော်လည်းကောင်း မပြုလုပ်ပါရန် တားမြစ်ကန့်ကွက်လိုက်သည်။ ဖော်ပြပါ တားမြစ်ကန့်ကွက်ချက်အား ဖောက်ဖျက်ပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ခင်သီတာစိုး** | **ဒေါ်သဉ္ဇာဝင်း** | **နော်သီရိသွင်** |
| **(LL.B, D.I.L, D.B.L)** | **(LL.B,D.B.L)** | **(LL.B,M.A.R)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်– ၁၆၂၈၂)** | **(စဉ်– ၄၆၃၅၆)** | **(စဉ်– ၄၃၉၄၂)** |

**အမှတ် (၆၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၆၉၄၂၄၅၅၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၄၊မြေကွက်အမှတ်–၉၈၀/က၊(၁၂၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်–၉၈၀/က၊ပညာ(၁၃)လမ်း၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်ရှိနှစ်(၆၀)မြေငှားဂရန်အမည်ပေါက်–ဒေါ်နီနီဝင်းမောင်(၁၄/ပသန(နိုင်)၁၉၉၉၁၁)မှဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ခံဝန်ကတိတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်–လလ–၁၇၊ ဦးပိုင်အမှတ်– ၁၃၊ ၁၄/၆၅x၆၆ လမ်းကြား၊ ၁၄၁x၁၄၂ လမ်းကြားရှိ ဒေါက်တာဒေါ်ချိုချိုမြင့် အမည်ပေါက် ဂရန်မြေကွက်အား ဒေါက်တာဒေါ်ချိုချိုမြင့် (အပျိုဘဝ)ကွယ်လွန်ပြီး အစ်မအကြီးဆုံးဖြစ်သူ ဒေါ်သောင်းခင်သည် ကိုတ္တိမမွေးစားစာချုပ်အမှတ် (၆၈၇၂/၂၀၂၄)ဖြင့် ဦးသောင်းမြင့်ထင်အား မွေးစားခဲ့ပါသဖြင့် ကျန်ရစ်သောမွေးစားသား၊ တူဖြစ်သူ ဦးသောင်းမြင့်ထင် [၁၂/အစန(နိုင်) ၀၂၅၇၁၂]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်–အ–၇၊ ဦးပိုင်အမှတ်–၁၁၃/၆၅x၆၇ လမ်းကြား၊ ဇော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြားရှိ ဦးအေးကို အမည်ပေါက် တောဂရန် မြေကွက်အား ဖခင် ဦးအေးကို၊ မိခင် ဒေါ်ရှမ်းမတို့ ကွယ်လွန်၍ကျန်ရစ်သော တစ်ဦးတည်းသောသားဖြစ်သူ ဦးမောင်မောင်ကြီး [၉/မနတ(နိုင်) ၀၄၁၀၇၈]က တောဂရန်၊ ၂၄၀၀/၊ ၄၀၀၀/ ငွေသွင်းပြေစာများ၊ မြေချမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြိုင်သာယာစံပြရပ်ကွက်၊ ဘီ–၆လမ်း၊ အမှတ် (၅၆)၏ မြေဧရိယာ(၄၀x၆၀)ပေရှိ စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မာမာဝင်း [၅/မရန(နိုင်) ၀၁၀၁၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသငွေ(စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မင်းထိုက်**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်– ၁၀၇၃၁)**
**အမှတ်– ၅၀၊ အေ–၂၀၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။**
**ph– ၀၉–၆၅၂၂၃၇၉၆၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ပျဉ်းမလမ်း၊ တိုက်အမှတ်(၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အနက်မှ (၂–လွှာ)၊ ပထမထပ် (ခြေရင်းခန်း)၊ တိုက်ခန်းကို ဦးဇော်ထွန်းလင်း [၉/မထလ(နိုင်)၂၄၁၉၅၅]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်း၏ တန်ဖိုးငွေအနက်မှ စရန်ငွေကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသင်းကြိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၃၀၈)**
**အမှတ် (၄၃)၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉–၇၈၁၅၇၇၉၆၉၊ ၀၉–၄၀၀၂၂၄၉၉၃**

## Marga Landmark Development Co.,Ltd နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၆၂)နေ ဦးဌေးအောင် [၇/ကကန(နိုင်)၀၄၅၉၆၆] နှင့် ဒေါ်ခင်ခင်ဝင်း [၁၂/ကမတ(နိုင်) ၀၂၄၈၈၀]တို့၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်တွင် The Central Tower ဆောက်လုပ်နေသော Marga Landmark Development Co.,Ltd ထံမှ ဦးဌေးအောင်နှင့် ဒေါ်ခင်ခင်ဝင်းတို့က Tower–3, Level–12 B, Unit–G တိုက်ခန်းတစ်ခန်းကို (၄–၃–၂၀၂၀)နေ့တွင် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့၍ ရောင်းဖိုးငွေ၏ ၇၆.၆၆% ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ (၃၀–၆–၂၀၂၃)နေ့တွင် ထိုတိုက်ခန်းကို လက်ရောက်ပေးအပ်မည်ဟု ကတိပြုထားသော်လည်း ယနေ့တိုင်မြေပြင်တွင် Foundation ပင်ပြီးစီးအောင် ဆောက်လုပ်ခြင်းမရှိသေးပါ။ ရောင်းဖိုးငွေ၏ ၇၆.၆၆% ပေးချေထားသော ဦးဌေးအောင်နှင့် ဒေါ်ခင်ခင်ဝင်းတို့မှာ များစွာ ထိခိုက်နစ်နာလျက်ရှိပါသည်။

ဦးဌေးအောင်နှင့် ဒေါ်ခင်ခင်ဝင်းတို့ ဝယ်ယူထားသော အထက်ဖော်ပြပါ တိုက်ခန်းတစ်ခန်းနှင့်ပတ်သက်၍ Marga Landmark Development Co.,Ltd အပါအဝင် မည်သူမျှ ထပ်မံရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လဲ့လဲ့ရီ (B.A; LL.B; D.B.L; D.M.L)** | **ဒေါ်မေသက်ပိုင်စိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်– ၂၄၁၀ / ၃၁–၁၀–၁၉၈၃)** | **(စဉ်– ၅၀၂၄၈ / ၂၀၁၈ ခုနှစ်)** |

**ဖုန်း– ၀၉–၅၀၅၉၃၂၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ တော်ဝင်မြန်မာကွန်ဒို၊ အမှတ်(၂/၄)၊ မြယာကုန်းလမ်းမပေါ်နေ ဦးသက်ထွန်းဦး [၁၂/အစန(နိုင်) ၁၅၂၃၉၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးသက်ထွန်း၏သားဖြစ်သူ မောင်ထွန်းဝေယံကျော် [၇/ကတခ(နိုင်) ၂၄၄၃၇၉]သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲစေသည့်အပြင် ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူဆောင်ရွက်သောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးနှင့် မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။ ၀၉–၄၅၀၂၂၀၀၂၀၊ ၀၉–၆၈၀၀၀၀၁၂၃

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇင်လှိုင် (LL.B), B.A (Business Law),CBL**
**အထက်တန်းရှေ့နေ (စဉ်– ၅၀၈၃၈/ ၂၆–၃–၂၀၁၉)**
**တိုက်(၄၁)၊ အခန်း(၁၃)၊ ဗဟိုရိစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉–၄၂၀၂၄၂၆၇၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လှူနေရပ်ကွက်အမှတ်(၈)၊ ဦးအောင်မြတ်ပန်းခြံလမ်း၊ မြေကွက်အမှတ် (၆၁၀/ခ)၊ **ဦးထွန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်**ထွက်ရှိထားသော အကျယ်ပေ(၂၀x၆၀)၊ (၁၂၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးစုံပါ လူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင် ကွယ်လွန်ပြီးနောက် အမွေဆက်ခံ သား၊ သမီးများထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ **ဒေါ်အိမွန်ကျော် [၁၂/ရပသ(နိုင်)၁၀၂၉၀၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်အိအိမျိုး [၉/မထလ(နိုင်) ၂၀၆၂၄၆]**က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်နှင်းဝေ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၉၂၇၄)**
**အမှတ်(၃၀၇)၊ဘုရင့်နောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၉၆၃၆၄၄၅၁၇**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မြန်မာ-အိန္ဒိယ U-17 အမျိုးသားဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၆

မြန်မာနှင့် အိန္ဒိယ U-17 အမျိုးသားဘောလုံးအသင်းတို့၏ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သန်လျင် Star City အားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD၊ MRTV Sports၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ" ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲသို့ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✣






## နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် E-Sports အသင်းအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

ရန်ကုန် အောက်တိုဘာ ၆

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုရရှိအောင် စွမ်းဆောင်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် E-Sports အသင်းမှ မြန်မာနိုင်ငံ E-Sports အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကောင်းမြတ်စံ၊ ဒုတိယဥက္ကဋ္ဌ၊ နည်းပြများနှင့် အားကစားသမားများသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဌာနဆိုင်ရာ များမှတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာ သိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ E-Sports အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ တိုင်းရင်းသား ဘာသာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖

## ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်နှင့် လက်ရွေးစင် အားကစားသမားများမှ တစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ အဖြစ် တက်လှမ်းနိုင်စေရန် ရည်ရွယ်၍

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❂



## MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးနေရာအတွက် သုံးသင်းအပြိုင်ဖြစ်လာ



MIU အသင်းနှင့် YCDC Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

နေပြည်တော် အောက်တိုဘာ ၆

၂၀၂၆ MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)ကို အောက်တိုဘာ ၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ ဆက်လက်ကျင်းပရာ ထိပ်ဆုံးမှ Pacific Sun Far အသင်း ပထမဆုံးရှုံးပွဲကြုံတွေ့ပြီး MIU၊ YRG အသင်းတို့နှင့် ရမှတ်တူပြီး ထိပ်ဆုံးနေရာအတွက် သုံးသင်းအပြိုင်ဖြစ်လာသည်။

စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ✦

## ဘယ်လ်ဂျီယံအသင်းကို ဂိုးပြတ်အနိုင်ရပြီး ပြင်သစ်အသင်း ရှုံးပွဲမရှိစံချိန်တင်

ပြင်သစ်အသင်းဟာ ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်အဖြစ် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ဘယ်လ်ဂျီယံအသင်းနဲ့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းက ပထမပိုင်းပွဲကစားချိန် ၃၅ မိနစ်မှာရရှိခဲ့တဲ့ လူကီဘာကီယိုရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍




ပြင်သစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

### ယနေ့ ဖတ်စရာ

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား ဒုတိယပိုင်း အနေဖြင့် စနစ်တကျထပ်မံဖြိုချဖျက်ဆီး

စာမျက်နှာ » ၁၄

လားရှိုးမြို့နယ်မြေ(၄) သီရိမဟာရပ်ကွက် ဗျူဟာလမ်းရှိ အဆောက်တစ်ခု၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၅